မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တောင်ကြီးမြို့နှင့် ညောင်ရွှေမြို့များအတွင်း စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၈ရက် နံနက် ၉နာရီက တောင်ကြီးတပ်နယ်ဆေးရုံသို့ရောက်ရှိကာ ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စက်များလည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများ၊ တိုးချဲ့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၂ ကော်လံ ၁ ●

တစ်ကမ္ဘာလုံး ပါဝင်ဆင်နွှဲ ရှန်ဟိုင်းကုန်စည်ပြပွဲ (၂)

➢ မြန်မာသတင်းအဖွဲ့ ကွင်းဆင်းတင်ပြသည်။
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မေ ၁၂

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဟူသော ရည်မှန်းချက်နှင့်အညီ မြို့ပြများထူထောင်ရေးဦးတည်ချက် (City Theme) ဖြင့် ကျင်းပသည်။ ကမ္ဘာ့ကုန်စည်ပြပွဲသမိုင်းကြောင်းတွင် သဘာဝပတ်ဝန်းကျင်မပျက် မြို့ပြများ တည်ဆောက်ရေးဟူသော ဦးတည်ချက်ဖြင့် ကုန်စည်ပြပွဲကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ခေတ်မီနည်းပညာရပ်များ

ကုန်စည်ပြပွဲကျင်းပရေး တာဝန်ခံအဖွဲ့အစည်းနှင့် ပါဝင်ဆင်နွှဲကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးက စိမ်းလန်းစိုပြည်သော ကမ္ဘာကြီးကို တည်ဆောက်ရန် ဦးတည်ချက်ဖြင့် ပြခန်းများကို တည်ဆောက်ထားကြသည်။ ကုန်စည်ပြပွဲဥယျာဉ်ရှိ ပြခန်းဆောင်များနှင့် ပြကွက်များ ဖွဲ့စည်းတည်ဆောက်ရာတွင် တီထွင်ဆန်းသစ်မှုရှိသော ခေတ်မီနည်းပညာရပ်များကို အသုံးပြုထားကြောင်း မြန်မာသတင်းအဖွဲ့ လေ့လာမှတ်သားမိသည်။

ကုန်စည်ပြပွဲ တစ်ခုလုံးတွင် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်အသုံးပြုထားသည်ကို တွေ့ရသည်။ ဦးတည်ချက်ဆောင်ပုဒ်ကို ထင်ဟပ်သည့် *စာမျက်နှာ ၇ ကော်လံ ၁* ✻

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) က ၂၀၁၀ခုနှစ် မေ ၁၂ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ (၃၂)ဖွဲ့အနက် (၂၈)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့ (၂၈)ဖွဲ့အနက် အောက်ဖော်ပြပါ အဖွဲ့များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် မေ ၁၂ရက်တွင် လာရောက်လျှောက်ထားခဲ့ကြသည် -

(၁) ကရင်ပြည်သူ့ပါတီ
(၂) “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၁၃)ပါတီအနက် (၄)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရောင်ခြည်စွမ်းအင်ကို အများဆုံးသုံးစွဲသည့် ရှန်ဟိုင်းကုန်စည်ပြပွဲ။

သုတအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ထီးချိုင့် မေ ၁၂

ကသာခရိုင် ထီးချိုင့်မြို့နယ် ဖတ်တဲကျေးရွာ သုတအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မတ်၂၇ရက် နံနက်၁၀နာရီက စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စောကလျာ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးညိုစိမ့်၊ မြို့မိမြို့ဖများဖြစ်သော ဦးအေးညွန့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးအောင်နိုင်ဦးက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၃ ရက်)

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဝိုင်းဝန်းကြိုးပမ်းထူထောင်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်း၏ ကုန်ထုတ်လုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် လုပ်ငန်းကိစ္စအဝဝတို့၌ နည်းပညာများအသုံးပြု၍ ဆောင်ရွက်နေသော ခေတ်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာတို့ကို အလွယ်တကူ လေ့လာသင်ကြားနိုင်ရန် နိုင်ငံတစ်ဝန်း ပညာရေးအခွင့်အလမ်းများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးထားသည်။ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသနေ ပြည်သူများသည်လည်း စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိရန် စာပေဗဟုသုတပညာများ လေ့လာဆည်းပူးကြရမည်ဖြစ်သည်။

စာပေဗဟုသုတပညာရပ်များ ဖွံ့ဖြိုးတိုးတက်ကာ နည်းပညာဆိုင်ရာများတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။ ကျေးလက်စာကြည့်တိုက်များသည် ကျေးလက်ပြည်သူများကို မျက်စိအလင်း ဆောင်ကြဉ်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်ကြရာ ကျေးလက်စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ပြည်သူများ ပညာဗဟုသုတရရှိရန် ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ ကိုယ်ခံအင်အားကောင်းရန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားသိရှိနိုင်ရန် ဘူမိနက်သန် နေရာမှန်သည် စာအုပ်စာပေများပင်ဖြစ်သည်။

ကျေးလက်ဒေသနေ ပြည်သူများ၊ လူငယ်လူရွယ်များသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံ၊ ဝိဇ္ဇာပညာ၊ နည်းပညာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပညာရပ်များကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရန် နေရာဌာနအမှန်သည် စာကြည့်တိုက်များပင်ဖြစ်သည်။

ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို မကြာမီ ဖွဲ့စည်းတည်ထောင်နိုင်တော့မည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံနှင့် ခေတ်မီဆက်သွယ်ရေးနည်းပညာများသည် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလျက်ရှိရာ ကျေးလက်ဒေသပြည်သူများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် ဖြည့်စွမ်းပေးမည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အခိုင်အမာရပ်တည်နိုင်ရေးလုပ်ငန်းစဉ်၌ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းကြိုးပမ်း ထူထောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ရွှေနန်းတော်တော့(ပ်)စတား သစ်အချောထည်စက်ရုံ၌ ပစ္စည်းများထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သံရည်ကျိုစက်ရုံမှ ပစ္စည်းများ ထုတ်လုပ်ထားမှုနှင့် စက်ရုံလည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရွှေနန်းတော်တော့(ပ်)စတား သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး ပစ္စည်းများထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့တိလော ကျေးရွာရှိ မြေနီတောင်ထုတ်လုပ်ရေးကုမ္ပဏီ၏ စပျစ်စိုက်ခင်းကိုလည်းကောင်း၊ ညနေပိုင်းတွင် အာရှမြန်မာကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွှေညောင်-ရပ်စောက်လမ်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၅-၂၀၁၀

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	**နင်းကြည့်စမ်းပါ**
၈း၃၀	၉။	အကပဒေသာ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။	**AFC President's Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် Yadanarbon (MYA)အသင်းနှင့် ITTU (TKM) အသင်း**
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	ပျော်ရွှင်စေသောနေ့ရက်များ **ချစ်သူကော်ဖီ** (အပိုင်း-၆) သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၆။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (ဇာတ်သိမ်းပိုင်း)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	EXPO 2010 SHANGHAI
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁၄)
	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၄၂)
	၁၄။	အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၄-၅-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (ကောင်းဆိုးနှစ်တန် လောကဓံ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပဲ့တင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် Intermediate Level (18)
၁၂း၁၀	အလုပ်အကိုင်အခွင့်အလမ်း (မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)
၁၂း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆ း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	Music Talk(23) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွှေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (မေတ္တာရေအလျဉ်)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (ကံ့ကော်တောမျိုးအောင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (လူ့သဘာဝကိစ္စတစ်ခု)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ယာဉ်၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ တောင်ငူပညာရေးကောလိပ်ခန်းမဆောင်၌ ကျင်းပ

တောင်ငူ မေ ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ငူခရိုင်ရုံးမှ ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂၈ရက် မွန်းလွဲပိုင်းက တောင်ငူပညာရေးကောလိပ်ခန်းမဆောင်၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်စန်းစန်းနွယ်က အဖွင့်အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးသောင်းမြင့်**(အောက်ပုံ)**၊ အကြီးတန်းစာရေး ဦးစောမင်းဆွေ၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲအုပ် မျိုးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပညာပေး ဟောပြောကြသည်။ (၀၄၇)

ပဲခူးတိုင်းအတွင်းရှိ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့် ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရန်

ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံ ဒေသအချို့တွင် ယခုနွေနှောင်းပိုင်းကာလများအတွင်း သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရပြီး အဆိုပါ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

လှူဒါန်း

မေ ၁၀ ရက်တွင် ပဲခူးတိုင်း သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက်၊ ကန်သာယာရပ်ကွက်၊ ငါးချဉ်ပိုင်းရပ်ကွက်၊ သီတာအေးရပ်ကွက်၊ ရွာသစ် (၄)ရပ်ကွက်၊ ကန်ကုန်း (၄)ရပ်ကွက်၊ ဘူတာပိုင်းရပ်ကွက်နှင့် ရွှေကျီးပင်ကွက်သစ်များရှိ သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေရသည့် သံဃာများ၊ ပြည်သူများသို့ စေတနာရှင်ပြည်သူများ၊ ရေအလှူရှင်အဖွဲ့များနှင့် စည်ပင်သာယာစျေးအဖွဲ့တို့ပူးပေါင်း၍ (၂၀)လီတာဝင် ရေသန့်ဘူးများ၊ ရေစည်များ၊ ရေသယ်ကားများဖြင့် သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့သည်။

အလားတူ သနပ်ပင်မြို့နယ် မင်းရွာ၊ ရွှေကျီးပင်၊ ရစ်ကန်လေး၊ ကမာနတ်၊ ရစ်ကန်ကြီး၊ ကုလားချောင်းကြီး၊ မင်းရွာနှင့် ကမာစဲ ကျေးရွာအုပ်စုများရှိ သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်နေရသည့် ကျေးလက်ပြည်သူများအား စေတနာရှင်ပြည်သူနှင့် ရေအလှူရှင်အဖွဲ့တို့မှ မော်တော်ယာဉ် (၁၂)စီးဖြင့် ရေပုံးများတင်ဆောင်၍ သောက်သုံးရေများ သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့သည်။

ဖြန့်ဝေ

မေ ၁၁ ရက်ကလည်း ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ် (၁) ရဲစခန်းမှူး ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပဲခူးမြို့ပေါ်ရှိ စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ရှမ်းကြီးကျေးရွာနေ ပြည်သူများအတွက်လည်းကောင်း၊ ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့က မင်္ဂလွန်းရွာနေ ပြည်သူများ အတွက်လည်းကောင်း၊ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့နှင့် ဝေါမြို့ပေါ်ရှိ စေတနာရှင်ပြည်သူများပူးပေါင်း၍ ကျိုက်လှရွာ၊ ဇကရာဇ်ရွာ၊ အဗျားဘိုတဲရွာ၊ အဗျားထမင်းဆိုင်ရွာ၊ အဗျားငှက်ချေးဝင်းရွာ၊ အင်းတိုင်စုရွာ၊ ကြလဟာရွာတို့ရှိ ပြည်သူများအတွက်လည်းကောင်း၊ သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့က သနပ်ပင်မြို့နယ် ကပင်းရွာနေပြည်သူများအတွက်လည်းကောင်း၊ ကဝမြို့နယ် ရဲစခန်းမှူး ဦးစီးအဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ လက်ပံခါးရှည်ရွာနေ ပြည်သူများအတွက်လည်းကောင်း၊ ပဲခူးမြို့ အကျဉ်းဦးစီးဌာနက စျေးညောင်ပင်ကျေးရွာနှင့် စီတီးကျေးရွာနေ ပြည်သူများအတွက်လည်းကောင်း သောက်သုံးရေများ သွားရောက်လှူဒါန်း ဖြန့်ဝေပေးခဲ့သည်။

ထို့အတူ ပဲခူးမြို့တွင်းရှိ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက သောက်သုံးရေ ရှားပါးလျက်ရှိသည့် ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာ၊ ပေချောင်ကျေးရွာ၊ စီတီးကျေးရွာနှင့် သနပ်ပင်မြို့နယ် ကျားခေါင်းကျေးရွာနေ ပြည်သူများအတွက်လည်းကောင်း၊ ဝေါမြို့ပေါ်ရှိ စေတနာရှင်ပြည်သူများက ဝေါမြို့နယ် ပုဂံကျေးရွာ၊ တနော်ကျွန်းကျေးရွာနှင့် ကျုံရဲ့ကျေးရွာနေ ပြည်သူများအတွက် လည်းကောင်း ရေဂါလန် (၁၆၀၀)ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ပို့ဆောင်လှူဒါန်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

သနပ်ပင်မြို့

ထို့နည်းတူ သနပ်ပင်မြို့ပေါ်ရှိ စေတနာရှင်ပြည်သူများက သနပ်ပင်မြို့ စက်ကုန်းပိုင်းရပ်ကွက်၊ ဘုရားကြီးပိုင်းရပ်ကွက်၊ အောက်စုရပ်ကွက်နှင့် ထောင်မင်းကျေးရွာနေ ပြည်သူများအတွက်လည်းကောင်း၊ သနပ်ပင်မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ခလပ်ရွာ၊ ဉာဏ်ကျွန်းရွာနှင့် ကျီးပင်စုရွာနေ ပြည်သူများအတွက်လည်းကောင်း (၂၀)လီတာဝင် ရေသန့်ဘူးများ၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းဖြန့်ဝေပေးခဲ့သည်။

အလားတူ ပဲခူးတိုင်း သဲကုန်းမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သဲကုန်းမြို့နယ် ချားလျှားကုန်းကျေးရွာအုပ်စု ချားလျှားကုန်းရွာ၊ ဖလံကုန်းရွာနှင့် တံခွန်တိုင်ကျေးရွာအုပ်စု မအူကန်ရွာနေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန်အတွက် ရေသယ်ယာဉ်များဖြင့် သယ်ယူ၍ သောက်သုံးရေများ နေ့စဉ် ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ဧရာဝတီတိုင်း

အလားတူ ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့နယ် အုတ်တွင်းကျေးရွာ၊ ကုန်းသာယာကျေးရွာနှင့် သဲချောင်းကျေးရွာပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ပြင်ခရိုင်ကျေးရွာ ခြောက်ကျောင်းဆရာတော် ဦးဆောင်သောအဖွဲ့က ဧပြီ ၂၉ရက်မှစ၍ တစ်နေ့လျှင် ရေဂါလန် (၇၅၀၀)ကို နေ့စဉ်ပို့ဆောင် ဝေငှပေးလျက်ရှိကြောင်း၊ ပုသိမ်မြို့ ယုဇနအအေးခန်းမှ အထွေထွေမန်နေဂျာဦးဆောင်သောအဖွဲ့သည် မေ ၁၀ရက်တွင် ကုန်းသာယာကျေးရွာ သောက်သုံးရေ ရရှိစေရေးအတွက် ရေကား (၂၅)စီးစာ စုစုပေါင်းငွေကျပ် ငါးသိန်းကို သက်ဆိုင်ရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်း

ထို့အတူ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့ပေါ် (၆)ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မေ ၁၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြိုင်သာယာရပ်ကွက်ရှိ ဘန့်ဘွေးကုန်း ရေလှောင်တမံမှရေများကို ဂါလန် (၁၈၀၀)ဆံ့ ရေသယ်ယာဉ် ခြောက်စီးဖြင့် သယ်ယူကာ ရပ်ကွက်များသို့ ပေးဝေဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မြို့ပေါ်ရပ်ကွက်များအား ရေပေးဝေသည့် ဆင်ကန်ကိုလည်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်၍ မြေတူးယာဉ်နှစ်စီးဖြင့် အနက် ရှစ်ပေခန့်ရရှိအောင် တူးဖော်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

သောက်သုံးရေ အခက်အခဲရှိသော ရပ်ကွက်များနှင့် ကျေးရွာများသို့ မော်တော်ယာဉ်၊ ရေယာဉ်များသုံးပြီး နည်းမျိုးစုံဖြင့် သောက်သုံးရေများ စနစ်တကျ မြန်မြန်ဆန်ဆန် ရောက်ရှိဖြန့်ဖြူးရေး၊ ကျေးရွာများတွင် ယာယီသောက်သုံးရေ လှောင်ကန်များ တိုးချဲ့တည်ဆောက်ရေးတို့အတွက် အဖွဲ့များ စနစ်တကျ ဖွဲ့စည်းပေးကာ သောက်သုံးရေသယ် မော်တော်ယာဉ်များ ထပ်မံပံ့ပိုးပေးပြီး အသေးစိတ်ဆောင်ရွက်ရမည့် ကိစ္စများကို ညှိနှိုင်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရေသန့်ပုံးများ လှူဒါန်းသော ကွမ်းခြံကုန်းမြို့မှ ဦးသန်းအေးနှင့် ဒေါ်အေးလှိုင် မိသားစုများအား တွေ့ဆုံနှုတ်ဆက်ပြီး သောက်သုံးရေ အခက်အခဲရှိသော ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်မည့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့မှ ယာဉ်များတွင် သောက်သုံးရေဖြည့်တင်းနေမှုနှင့် Water Guard ကလိုရင်းဆေးရည် ရောစပ်သန့်စင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးညှိနှိုင်း

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝင်းအတွင်းရှိ သောက်သုံးရေ သိုလှောင်ကန်များမှ ရေများကို ရေသန့်စက်ဖြင့် သန့်စင်ဖြန့်ဖြူးပေးနေမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပံ့ပိုးညှိနှိုင်းပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	မျိုးချစ်တပ်မတော်
၄:၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၅။	မွေးမြူသုတ
၄:၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း (၁၂)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** အပိုင်း (၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၄၆)

ဝေါမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၂

ပဲခူးတိုင်း(အရှေ့ပိုင်း) ဝေါမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ ဝေါမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဝေါမြို့ပြည်သူ့ဆေးရုံကြီးသို့ မေ ၅ရက်မှ ၁၁ရက်အထိ အမျိုးသား ၄၂ဦး၊ အမျိုးသမီး ၄၀ စုစုပေါင်း ၈၂ဦး တက်ရောက်၍ ဆေးဝါးကုသမှုခံယူခဲ့ရာ အမျိုးသား ၃၀၊ အမျိုးသမီး ၂၅ဦး စုစုပေါင်း ၅၅ဦး ရောဂါပျောက်ကင်း၍ ဆေးရုံမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း၊ မေ ၁၁ရက်၌ အမျိုးသား ၁၂ဦး၊ အမျိုးသမီး ၁၅ဦး စုစုပေါင်း ၂၇ဦးသာ ဆေးရုံ၌ ဆက်လက်ဆေးကုသမှုခံယူလျက်ရှိပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက် ကုသမှုခံယူသူ လူနာများအနက် တစ်ဦးမျှ သေဆုံးမှုမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသအာဏာပိုင်များ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

သောက်သုံးရေဖြန့်ဖြူး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကွမ်းခြံကုန်းမြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အီရတ် – အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်တိုက်ပွဲများ၌ ယခုနှစ်အတွင်း အရပ်သားသေဆုံးမှု အများဆုံးဖြစ်

ကန်ဒါဟာ မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် တာလီဘန်စစ်သွေးကြွများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားစဉ် အရပ်သား ၁၀ဦးသေဆုံးသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မေ ၁၀ရက်ညပိုင်းက ဟီရတ်ပြည်နယ်တိုက်ပွဲအတွင်း အရပ်သားများ သေဆုံးခြင်းဖြစ်သည်။ သို့သော် အမေရိကန်တပ်များကမူ သေဆုံးသူများမှာ စစ်သွေးကြွများဖြစ်သည်ဟု ပြောကြားသည်။

မြင့်တက်

၂၀၁၀ခုနှစ်စကတည်းက အာဖဂန်နစ္စတန်၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုများတွင် အရပ်သား ၁၇၀ကျော် သေဆုံးလျက်ရှိရာ ယခင်နှစ် အလားတူကာလကထက်နှိုင်းယှဉ်ပါက ၃၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဖော်ပြ

ယခင်နှစ်က ဖြစ်ပွားခဲ့သည့် အာဖဂန်တိုက်ပွဲအတွင်း အရပ်သား ၂၄၀၀ ကျော် သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။ ၂၀၀၁ခုနှစ်တွင် ၎င်းနိုင်ငံသို့ အမေရိကန်ဦးဆောင်သောတပ်များ စတင်ဝင်ရောက်ကတည်းက အရပ်သားသေဆုံးမှုမှာ ယခုနှစ်အတွင်း အများဆုံးဖြစ်သည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ပက်ရှ်ဝါ၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ဆင်ခြေဖုံးဒေသ၌ အသေခံကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို မေ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၁၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၄၀၄ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၇၇၂၅ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၁၄၀၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၇၇၂၅ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး မေ ၁၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၀၂ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၉၂၈၃ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၈၀၂ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၂၈၃ ဦး

(အင်တာနက်)

အာဖဂန်၌ ခရီးသည်လေယာဉ် ပြန်ပေးဆွဲမှု မအောင်မြင်ခဲ့

တီဟီရန် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ၌ ကဘူးလ်မြို့မှ ကန်ဒါဟာမြို့သို့ ပျံသန်းထွက်ခွာလာသည့် ခရီးသည်တင်လေယာဉ်တစ်စင်းကို ပြန်ပေးဆွဲရန် ကြိုးပမ်းရာ အီရန်နိုင်ငံအရှေ့မြောက်ပိုင်း မာရှာဟတ်မြို့သို့ အရေးပေါ်ဆင်းသက်ပြီး လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံ ဖားစ်နယူးစ်အေဂျင်စီက မေ ၁၀ရက်တွင် သတင်းထုတ်ပြန်သည်။

ကြိုးပမ်း

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကဘူးလ်မြို့မှပျံသန်းလာသော အဆိုပါခရီးသည်တင်လေယာဉ်ကို ပြန်ပေးဆွဲသမားများက အဝေးထိန်းစက်ခလုတ်ဖြင့် အန္တရာယ်ပြုရန် ကြိုးပမ်းခဲ့သည်ဟုဆိုသည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အာဖဂန်တပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်သူများကို တိကျစွာ မသိရှိရသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

တည်ငြိမ်မှုကင်းမဲ့နေသည့် အီရတ်နိုင်ငံ

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံတစ်ဝန်းတွင် မေ ၁၁ရက်၌ ဗုံးဖောက်ခွဲမှုများနှင့် အကြမ်းဖက်ပစ်ခတ်မှုများကြောင့် ၃၂ ဦးသေဆုံးကြောင်း၊ သေဆုံးသူများတွင် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပါဝင်ကြောင်းအီရတ်မီဒီယာက ယင်းနေ့တွင် သတင်းထုတ်ပြန်သည်–

- **ဘဂ္ဂဒက်မြို့** – ၎င်းမြို့အရှေ့ပိုင်းရှိ စစ်ဆေးရေးဂိတ်ခြောက်ခု၌ စစ်သွေးကြွများက အသံတိတ်ကိရိယာတပ်ဆင်ထားသည့် လက်နက်ဖြင့် ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။
  – ၎င်းမြို့တောင်ပိုင်းနှင့် အနောက်ပိုင်းတွင် ဗုံးသုံးလုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသည်ဟု မီဒီယာများက ပြောကြားခဲ့သည်။
- **ဆူဝါယာ** – ဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်း ကီလိုမီတာ ၆၀ အကွာရှိ ယင်းမြို့၌ ဗုံးပေါက်ကွဲမှုထပ်ဆင့်ဖြစ်ပွားရာ ၁၁ ဦးသေဆုံးပြီး လူ၇၀ ဒဏ်ရာရရှိခဲ့သည်။
- **ဖလူးဂျာ** – ယင်းမြို့ရှိ စစ်ဆေးရေးဂိတ်အနီးဝန်းကျင်၌ ဗုံးပေါက်ကွဲမှုဆက်တိုက်ဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့သည်။
- **မိုဆူးလ်** – အီရတ်နိုင်ငံမြောက်ပိုင်း တာမီယာဒေသ၊ ဘဂ္ဂဒက်မြို့တောင်ပိုင်း အစ်ကန်ဒါရီယာဒေသနှင့် မိုဆူးလ်မြို့ မြောက်ပိုင်းတို့တွင် ဖြစ်ပွားသည့် သီးခြားတိုက်ပွဲ၌ အရပ်သားရှစ်ဦးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံ နေရာအနှံ့အပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးဖြစ်ပေါ်လျက်ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက မေ ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ပါကစ္စတန်စာသင်ကျောင်း ဗုံးပေါက်ကွဲမှု ၁၀ဦးဒဏ်ရာရရှိ

ခို့စ် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်အနီး အရှေ့တောင်ပိုင်း ခို့စ်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းတစ်ကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ဦးဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် မေ ၁၁ရက်က ဖော်ပြသည်။

ဒဏ်ရာရရှိ

အဆိုပါ ချိန်ကိုက်ဗုံးသည် မေ ၁၁ ရက်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဆရာမလေးဦးနှင့် ကျောင်းသားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

ကြေညာ

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့ကမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ အဆိုပါဖြစ်စဉ်ကို ပြည်ထဲရေးဝန်ကြီးဌာနက ပြစ်တင်ရှုတ်ချခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများဟု တာလီဘန်များအား ရည်ညွှန်းကြေညာလိုက်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို မေ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်မှုဖြစ်ပွား ၃၆ ဦးသေဆုံး၊ လူ ၁၄၀ ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ ကားဗုံးနှစ်ကြိမ်ပေါက်ကွဲမှုကြောင့် ၃၆ဦး သေဆုံးပြီး လူ ၁၄၀ ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းနှင့် ဂေလာမြို့ အလယ်ပိုင်းရှိ အထည်စက်ရုံတစ်ရုံ၏ ကားရပ်နားရာနေရာ၌ ကားဗုံးပေါက်ကွဲမှု ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း ရဲအရာရှိက မေ ၁၀ရက်တွင် ပြောကြားသည်။ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် အလုပ်သမားများမှာ ယင်းနေရာမှ ထွက်ပြေးခဲ့ကြသော်လည်း ၃၂ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ကာ လူ ၁၀၀ ဒဏ်ရာရရှိခဲ့သည်။ မေ ၁၀ရက်တွင် တိုက်ခိုက်မှု ပေါင်း ၂၀ ဖြစ်ပွားခဲ့ကြောင်း ဘဂ္ဂဒက်မြို့တော် လုံခြုံရေးအရာရှိ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ဧပြီ ၂၃ ရက်နှင့် အီရတ်နိုင်ငံတွင် မေ ၁၀ရက်အထိ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၆၈ ဦး ရှိခဲ့ပြီး ၅၈ဦးမှာ ဗုံးဆက်တိုက်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်၌ အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာ လုံခြုံရေးတပ်ဖွဲ့ တပ်လှန့်နိုးဆော်ထား

ဘဂ္ဂဒက် မေ ၁၂

အကြမ်းဖက်မှုထူပြောရာ အီရတ်နိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် သေကျေပျက်စီးမှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က တပ်လှန့်နိုးဆော်ထားသည်ဟု အင်တာနက်သတင်းတွင် မေ ၁၁ ရက်က ဖော်ပြသည်။

ထုတ်လွှင့်

စစ်သွေးကြွများသည် မေ ၁၀ရက်တွင် နိုင်ငံအနှံ့အပြား၌ အကြမ်းဖက်မှု ၂၄ကြိမ်ခန့်ပြုလုပ်ခဲ့ကြပြီး အဆိုပါအကြမ်းဖက်မှုအတွင်း ပြည်သူ ၁၀၀ သေဆုံးကာ လူ ၃၅၀ ကျော် ဒဏ်ရာရရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ထုတ်လွှင့်သည်။ အဆိုပါ အကြမ်းဖက်မှုများသည် ဘဂ္ဂဒက်မြို့မှစတင်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၈ရက်မှစတင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအနက် အသေအပျောက် အများဆုံး အကြမ်းဖက်မှု ဖြစ်သည်ဟုဆိုသည်။

တီထွင်အသုံးပြု

စစ်သွေးကြွများအနေဖြင့် စစ်ဆေးရေးဂိတ်များကို အသံတိတ်ကိရိယာများ အသုံးပြုတိုက်ခိုက်ခြင်းနှင့် အချိတ်အဆက်မိသော တိုက်ခိုက်မှုများက အီရတ်တပ်ဖွဲ့ဝင်များအဖို့ ပိုမိုစိုးရိမ်မကင်းဖြစ်လာစေခဲ့သည်။ စစ်သွေးကြွများသည် အကြမ်းဖက်တိုက်ခိုက်မှုများ၌ နည်းဗျူဟာသစ်ကို တီထွင်အသုံးပြုလျက်ရှိသည်ဟုလည်း အီရတ်တပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကုလသမဂ္ဂညီလာခံ အစ္စတန်ဘူလ်၌ လက်ခံကျင်းပမည်

အစ္စတန်ဘူလ် မေ ၁၂

ဆိုမာလီယာနိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်ပတ်သက်သည့် ကုလသမဂ္ဂညီလာခံကို မေ ၂၁ ရက်မှ ၂၃ရက်အတွင်း တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း မေ ၁၁ရက်တွင် တူရကီအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ယင်းညီလာခံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ခြိမ်းခြောက်လျက်ရှိသည့် ဆိုမာလီယာနိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် နယ်ပယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်အာဒိုဂန်က ပြောကြားသည်။

အဆိုပါညီလာခံကို ကုလသမဂ္ဂနှင့် တူရကီနိုင်ငံအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည်ဖြစ်ပြီး အာဖရိကနိုင်ငံများအတွင်း အကြမ်းဖက်မှုများနှင့် ပဋိပက္ခဖြစ်မှုများကို ထိန်းသိမ်းရန်ဖြစ်သည်ဟု ကုလသမဂ္ဂသတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။ (အင်တာနက်)

တူရကီ ဝန်ကြီးချုပ် အာဒိုဂန်

နျူကလီးယားနည်းပညာ ငြိမ်းချမ်းစွာအသုံးပြုရေး ပြင်သစ်တိုက်တွန်း

ဂျီနီဗာ မေ ၁၂

နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်အသုံးပြုမှုကြောင့် နျူကလီးယား မပြန့်ပွားရေးကြိုးပမ်းမှုများကို မထိခိုက်စေကြောင်း ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး ဖလော်ရင့်စ်မန်ဂျင်က ကုလသမဂ္ဂ၌ မေ ၉ ရက်တွင် ပြောကြားသည်။

ဖြည့်ဆည်းပေး

မိမိတို့အနေဖြင့် အရပ်ဘက်သုံးစွမ်းအင်ထုတ်လုပ်ရေးနှင့် နျူကလီးယားမပြန့်ပွားရေးစနစ် ခိုင်မာရေးဆိုသည့် ပြဿနာအတွင်း ရွေးချယ်စရာမရှိကြောင်း၊ အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်က မိမိတို့အတွက်အဓိကကျသည့် စွမ်းအင်အရင်းအမြစ်ဖြည့်ဆည်းပေးလျက်ရှိပြီး ယင်းကြောင့် မိမိတို့ရင်ဆိုင်နေရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူသားနှင့်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ဖြေရှင်းပေးနိုင်မည်ဖြစ်သည်ဟု မစ္စတာမန်ဂျင်က နျူကလီးယားနည်းပညာ အစည်းအဝေးတွင် ပြောကြားသည်။

ဖော်ပြ

သို့ဖြစ်၍မိမိတို့အနေဖြင့် နျူကလီးယားနည်းပညာကို မျှတမှုရှိစေရန် ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုကြရေး မစ္စတာမန်ဂျင်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အီရန်နှင့်ပါလက်စတိုင်းတို့အပေါ် အမေရိကန်၏မူဝါဒ ရှေ့နောက်မညီဟု အလီလာရီဂျာနီ ဝေဖန်ပြောကြား

အစ္စတန်ဘူလ် မေ ၁၂

အမေရိကန်နိုင်ငံ၏ အီရန်နိုင်ငံနျူကလီးယားအစီအစဉ်အပေါ်သဘောထားနှင့် ပါလက်စတိုင်းအပေါ်ထုတ်ပြန်ချက် သဘောထားနှစ်ရပ်ကိုရည်ညွှန်းလျက် အမေရိကန်နိုင်ငံသည် ရှေ့နောက်မညီသော မူဝါဒကိုကျင့်သုံးနေသည်ဟု အီရန်ပါလီမန်ပြောရေးဆိုခွင့်ရှိသူက မေ ၁၁ ရက်တွင် ပြစ်တင်ဝေဖန်ပြောကြားလိုက်သည်။

ပြောကြား

အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်အစီအစဉ်သို့မဟုတ် ပါလက်စတိုင်း ထုတ်ပြန်ချက်အပေါ်ရှင်းလင်းပြတ်သားသော သဘောထားမပေးနိုင်ကြောင်း၊ အစ္စတန်ဘူလ်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယင်းပြောရေးဆိုခွင့်ရှိသူ အလီလာရီဂျာနီက ပြောကြားခဲ့သည်။

ပြက်လုံးထုတ်

အမေရိကန်သမ္မတအိုဘားမား၏ စီမံခန့်ခွဲမှုမှာ တစ်ခါတစ်ရံ ပြက်လုံးထုတ်သကဲ့သို့ရှိနေပြီး တစ်ခါတစ်ရံတွင်မူ ဓာတ်ပြားဟောင်းကိုပင် အားကိုးတကြီး ဖွင့်နေသကဲ့သို့ ရှိနေကြောင်းလည်း ၎င်းပြောရေးဆိုခွင့်ရှိသူက ထောက်ပြပြောဆိုခဲ့သည်။

ရည်ညွှန်း

အမေရိကန်နိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒအပေါ် ၎င်း၏သဘောထားများနှင့် ပတ်သက်ပြီး ရှေ့နောက်မညီခဲ့ကြောင်း အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်တို့ ဆက်လက်ရှိနေသည်ကို ရည်ညွှန်းပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် လီယန်ကျန်းမြို့ရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်အရ တည်ဆောက်ထားသော စွန့်ပစ်ပစ္စည်းသုံးစွမ်းအင်စက်ရုံကို မေ ၁၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့သို့ ပျံသန်းလာသော ခရီးသည်တင်လေယာဉ် ပျက်ကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လစ်ဗျားလေယာဉ်ပျက်ကျ၊ ၁၀၃ဦးသေဆုံး ကလေးတစ်ဦးအသက်ရှင်

ဒူဘိုင်း မေ ၁၂

လစ်ဗျားနိုင်ငံတွင် မေ ၁၂ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ စီးနင်းလိုက်ပါသွားသော ခရီးသည်များနှင့် လေယာဉ်အမှုထမ်း စုစုပေါင်း ၁၀၃ဦး သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများ၏ ပြောကြားချက်ကိုကိုးကား၍ အယ်လ်အာရေးဘီးယားရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

လစ်ဗျားလေကြောင်းလိုင်းအဖရီကီယက်ချ်မှ အဆိုပါခရီးသည်တင်လေယာဉ်သည် ထရီပိုလီလေဆိပ်သို့ အဆင်းတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အီတလီသတင်းဌာန အန်ဆာက သတင်းထုတ်ပြန်သည်။ ယင်းခရီးသည်တင်လေယာဉ်သည် ဂျိုဟန်နစ္စဘတ်မြို့မှ ထရီပိုလီသို့ ပျံသန်းထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုတွင် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ သေဆုံးခဲ့သော်လည်း အသက် ၁၀နှစ်အရွယ် ဒတ်ချ်ကလေးငယ်တစ်ဦး ဒဏ်ရာများဖြင့် အသက်ရှင်ခဲ့ရာ ထရီပိုလီမြို့၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ အခြေအနေကောင်းမွန်ကြောင်း လစ်ဗျားလုံခြုံရေးအရာရှိများကပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နောက်ဆုံးရနိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တက္ကဆက်တက္ကသိုလ်၌ ပေါက်ကွဲမှု နှစ်ဦးဒဏ်ရာရ

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ် ဓာတုဗေဒဌာနအဆောက်အအုံ၌ မေ ၁၁ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျောင်းသားနှစ်ဦးဒဏ်ရာရရှိသွားကြောင်း တက္ကသိုလ်အရာရှိများက ပြောကြားသည်။

ယီမင်မြောက်ပိုင်း၌ တပ်ဖွဲ့ဝင်လေးဦး ပြန်ပေးဆွဲခံရ

ယီမင်နိုင်ငံမြောက်ပိုင်း၌ ရှီးယိုက်သူပုန်များက အစိုးရတပ်ဖွဲ့ဝင်လေးဦးအား ပြန်ပေးဆွဲသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၁၁ရက်တွင်ကြေညာသည်။ သူပုန်များကအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟုဆိုသည်။

ဘူလ်ဂေးရီးယားသင်္ဘောပြန်ပေးဆွဲခံရမှု အတည်ပြု

အေဒင်ပင်လယ်ကွေ့၌ ဘူလ်ဂေးရီးယားသင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက မေ ၁၁ရက်တွင် ပြန်ပေးဆွဲသွားကြောင်း ဘူလ်ဂေးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြေညာသည်။

အီရန်နျူအစီအစဉ် ငြိမ်းချမ်းစွာဖြေရှင်းရန်တိုက်တွန်း

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ငြိမ်းချမ်းစွာဖြေရှင်းရန် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) အဖွဲ့ဝင်ခြောက်နိုင်ငံခေါင်းဆောင်များက မေ ၁၁ရက်တွင် ထပ်မံတိုက်တွန်းပြောကြားလိုက်သည်။

ရုရှား၌မိုင်းတွင်းပေါက်ကွဲ၊ လူ၆၀သေဆုံး၊ ၃၀ပျောက်ဆုံး

ရုရှားနိုင်ငံ မော်စကိုမြို့အရှေ့ဘက် မိုင် ၂၃၀၀ခန့်အကွာရှိ မိုင်းတွင်းတစ်တွင်း မေ ၁၂ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၆၀သေဆုံးပြီး ၃၀ ပျောက်ဆုံးလျက်ရှိကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ ရေကြီး၍ မော်တော်ယာဉ် ၁၄၀၉စီး နစ်မြုပ်

တရုတ်ပြည်တောင်ပိုင်း ကွမ်တုံပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေအောက်ကားဂိုဒေါင်၃၅ခုမှ မော်တော်ယာဉ် ၁၄၀၉စီး ရေနစ်မြုပ်သွားကြောင်း မြူနီစီပယ်အာဏာပိုင်များက မေ ၁၁ရက်တွင် ထုတ်ပြန်ကြေညာသည်။ ***(အောက်ပုံ)***

အိုဘားမားနှင့် အဘတ်စ် နယ်ခြားကိစ္စ ဦးစားပေးရန်သဘောတူ

အမေရိကန် အဆိုပြုသည့် အစ္စရေးနှင့်ပါလက်စတိုင်းတို့၏ သွယ်ဝိုက်ဆွေးနွေးပွဲအနေဖြင့် လုံခြုံရေးကိစ္စနှင့် နယ်ခြားကိစ္စများကို ဦးစားပေးရန် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်နှင့် အမေရိကန်သမ္မတအိုဘားမားတို့ သဘောတူထားကြောင်း ပါလက်စတိုင်းသတင်းဌာနက မေ ၁၁ ရက်တွင် ကြေညာသည်။

ဂျပန်၏နိုင်ငံခြားအရန်ငွေ ဧပြီလအတွင်းတိုးတက်

ဂျပန်နိုင်ငံ၏ နိုင်ငံခြားသီးသန့်ရန်ပုံငွေမှာ ပထမသုံးလအတွင်း ပထမဆုံး အကြိမ်အဖြစ် ဒေါ်လာ၄ဒသမ၁၆ဘီလီယံပိုမိုကာ ဒေါ်လာ ၁၀၄၆ဒသမ ၈၇ ဘီလီယံအထိ တိုးတက်လျက်ရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၁၂ရက်တွင် ကြေညာသည်။

ဘော့စနီးယား၌ ကိုယ်ပိုင်လေယာဉ်တစ်စင်း နေအိမ်ကိုတိုက်မိ

ဘော့စနီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဘီဟော့စ်မြို့အနီး၌ ကိုယ်ပိုင်လေယာဉ်ငယ်တစ်စင်း စက်ချွတ်ယွင်းကာ နေအိမ်တစ်လုံးကို ဝင်တိုက်မိသဖြင့် လေယာဉ်မောင်းသူသေဆုံးကြောင်း ဆင်ဟွာသတင်း၌ မေ ၁၁ရက်တွင် ဖော်ပြသည်။

ကိုလံဘီယာနှင့်ပနားမား လူဝင်မှုကြီးကြပ်ရေးပူးပေါင်းမည်

ကိုလံဘီယာနှင့်ပနားမားနိုင်ငံတို့က လူဝင်မှုကြီးကြပ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးအတွက် နားလည်မှုစာချွန်လွှာစာတစ်စောင်ကို မေ ၁၁ရက်၌ လက်မှတ်ရေးထိုးလိုက်သည်။

(အင်တာနက်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့ ကျောက်ဖြူလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဦးသိန်းဆွေ ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့သည် မေ ၁၀ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုး (လေယာဉ်ကွင်းပံ့ထုတ်)က ကျောက်ဖြူလေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များနှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက စနစ်တကျ ကောင်းမွန်စွာဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ လေဆိပ်လုံခြုံမှု အစဉ်သတိပြုရှိစေရေး၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး၊ ဝန်ထမ်းများ ဆက်ဆံရေးကောင်းမွန်ရေးနှင့် လေဆိပ်တာဝန်ကျ အခြားဌာနဆိုင်ရာ ဝန်ထမ်းများအားလုံး လုပ်ငန်းဆောင်ရွက်ရာ၌ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးသည် လေဆိပ်ခရီးသည်နားနေဆောင်၊ ခရီးသည် ထွက်ခွာစစ်ဆေးဂိတ်များ၊ လေဆိပ်မျက်နှာစာတွင် စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရာနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးခရိုင်နှင့် မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်သစ်များ ဖွဲ့စည်းတာဝန်ပေး

ကလေး မေ ၁၂

စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် မြို့နယ် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ တတိယအကြိမ်မြောက် အမှုဆောင်သစ်များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ ပညာပေးဟောပြောခြင်း အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၁၀နာရီက ကလေးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဗဟို အမှုဆောင် ဦးဝင်းမြင့်က မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရွေးချယ်ထားသော အလုပ်အမှုဆောင်သစ်များက ကတိသစ္စာခံယူပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက လက်ရှိ မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ဇီဝလုံခြုံမှုစနစ် ပညာပေး ဟောပြောသည်။

တက်ရောက်

ထို့နောက် ကလေးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရသော ဦးဇော်မျိုးမင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာသန်းထိုက်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဂုဏ်ပြုဆုချီးမြှင့်

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ်မော်ရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည့် မောင်ထက်နိုင်ကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၇)

မိတ္ထီလာခရိုင် ကျန်းမာရေးမှူးအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

မိတ္ထီလာ မေ ၁၂

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း မိတ္ထီလာအသင်းခွဲ၏ ပထမအကြိမ်သက်ကြီးပူဇော်ပွဲအခမ်းအနားနှင့် ဒုတိယအကြိမ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို မေ ၉ရက် နံနက်က အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်နှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးအောင်ခင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗဟိုအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားကျန်းမာရေးမှူးများ၊ ဆေးဆိုင်ငါးဆိုင်ကိုယ်စား သဥ္ဇာဆေးဆိုင်ပိုင်ရှင် ဦးမျိုးကိုကိုတို့က အလှူငွေများပေးအပ်ရာ ခရိုင်အသင်းခွဲဥက္ကဋ္ဌ ဦးအုန်းမောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေးတွင် ခရိုင်အသင်းခွဲဥက္ကဋ္ဌ ဦးအုန်းမောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ခရိုင်အသင်းခွဲ အလုပ်အမှုဆောင် ကော်မတီအစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းသည်။ ထို့နောက် ယူနိုက်တက်ဘားမားဆေးကုမ္ပဏီ တာဝန်ခံက ဆေးမျိုးစုံအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(ဝ၈၆)**

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်

KMD နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် မေ ၁၂

KMD ၏နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကို မေ ၁၅ရက် (စနေနေ့)တွင် ရန်ကုန်မြို့ Strand Hotel ၌ ကျင်းပမည်ဖြစ်သည်။ ထိုပွဲတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အများဆုံး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရောင်းချပေးမည် ဖြစ်ကြောင်း၊ ပြပွဲအချိန်အတွင်း KMD Computer Training Centre ၌ သင်တန်းအပ်နှံပါက ၂၅ရာခိုင်နှုန်း Discount ဖြင့် လက်ခံပေးသွားမည်ဖြစ်ကြောင်း၊ KMD-Soft Comm ကလည်း ရုံးသုံး၊ လုပ်ငန်းသုံး Software များကို အထူးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲကို တစ်ရက်တည်းသာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲအချိန်မှာ မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိသာ ဖြစ်ကြောင်း သိရှိရသည်။

ရောင်းချပေး

ပြပွဲတွင် အသစ်ထွက်ရှိသော ပစ္စည်းအသစ်များကို ပြသသွားမည်ဖြစ်ပြီး လူအများစိတ်ဝင်စားမှု အခံရဆုံး Intel ၏ Core i Series Processor အသစ်၊ Network ကြိုးမလိုဘဲ ပါဝါလိုင်းပေါ်မှ ကွန်ရက်ချိတ်ဆက် အသုံးပြုနိုင်မည့် AV Ethernet Adapter၊ သန့်ရှင်း သပ်ရပ်လှပသည့် ရုံးခန်းလေးဖြစ်စေရန် ကူညီပေးမယ့် Printer, Scanner, Copier, Fax များ အနေဖြင့် အသုံးပြုနိုင်သော All in one printer၊ ရုပ်ပုံ အရည်အသွေးကောင်းမွန်ပြီး ပါဝါစားသက်သာသော LED နည်းပညာသုံး၊ LCD Monitor စသည်တို့ကို ပြသရောင်းချပေးသွားမည် ဖြစ်သည်။

ပြပွဲရက်အတွင်း Netbook, Notebook, Desktop ဝယ်ယူသူများအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပြီး တန်ဖိုးကြီးပစ္စည်း အများအပြားကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း၊ Notebook ဝယ်ယူသူအားလုံးအတွက် Dicota Notebook Bag ၁၀ရာခိုင်နှုန်း Discount ကူပွန်ကို လက်ဆောင်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းနိုင်

အသေးစိတ်သိရှိလိုပါက KMD Sales & Service ဖုန်း-၂၄၅၁၈၀၊ ၃၈၄၁၀၉၊ ၃၈၁၀၃၅၊ ၅၀၃၅၁၁၊ ၅၀၂၂၄၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဧပြီ ၂၄ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁၄) ရပ်ကွက်တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးစီမံချက်အရ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာ တာဝန်ခံများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းနိုင်တို့ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လှည့်လည်စစ်ဆေးစဉ်။ (ဝ၉၇)

မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပရိုဂျက်တာ လှူဒါန်းပွဲကျင်းပ

မူဆယ် မေ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ Sony LCD Projector လှူဒါန်းပွဲအခမ်းအနားကို ဆေးရုံကြီး၏အစည်းအဝေးခန်းမ၌ မေ ၁၀ရက် နံနက် ၉နာရီက ကျင်းပရာ မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာမြင့်မြင့်ခိုင်နှင့် ဆရာဝန်များ၊ MO-Asia Co.,Ltd. (Dumex) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် MO-Asia Co.,Ltd. (Dumex) မှ တာဝန်ရှိသူ တစ်ဦးက ငွေကျပ် ခုနစ်သိန်းခွဲတန်ဖိုးရှိ Sony LCD Projector ကို ဆေးရုံကြီး၌ လိုအပ်သလို အသုံးပြုနိုင်ရေးအတွက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

13-5 (06).pmd 1 5/13/2010, 2:14 AM

အထိရောက်ဆုံး အသုံးချ

ပြခန်းဆောင်တည်ဆောက်ရာတွင်လည်းကောင်း၊ ဒီဇိုင်းပုံစံထုတ်လုပ်ရာတွင်လည်းကောင်း သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစေရန်နှင့် စွမ်းအင်ကို အထိရောက်ဆုံး အသုံးချစေရန် အလေးထား တည်ဆောက်ထားသည်။

** ရှေ့ဖုံးမှ*

ပြခန်းဆောင်များ (Theme Pavilions)၊ တရုတ်နိုင်ငံ ပြခန်းဆောင်နှင့် ကုန်စည်ပြပွဲအထောက်အကူပြု အဆောက်အအုံ အများအပြားတို့တွင် နေစွမ်းအင်သုံး ကိရိယာများကို တပ်ဆင်ထားသည်။ ရှန်ဟိုင်းကုန်စည်ပြပွဲ ပြီးဆုံးသွားသည့်တိုင်အောင် နေစွမ်းအင် ထုတ်လုပ်ရေး စက်ရုံကို ဆက်လက်ဖွင့်လှစ်ထားရှိမည် ဖြစ်ကြောင်း၊ ကုန်စည်ပြပွဲအတွက် နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ်အထိ ထုတ်လုပ်မည်ဖြစ်ရာ တရုတ်နိုင်ငံတွင် အကြီးဆုံးသော နေစွမ်းအင်စက်ရုံအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ကြောင်း ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ညှိနှိုင်းရေးဗျူရို တာဝန်ရှိသူတစ်ဦးက အာဆီယံ+၃ သတင်းသမားများကို ပြောကြားခဲ့သည်။

သယ်ယူပို့ဆောင်ရေး

ကုန်စည်ပြပွဲအတွက် အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်ရာတွင် ကာဗွန်ဓာတ်ငွေ့ လုံးဝမထွက်သည့် မော်တော်ယာဉ်များ (Zero Emission Vehicles) ကို အသုံးပြုထားသည်။

ကာဗွန်မဲ့ကားကို မြို့ကြီးများ၏ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်၌ တိုးချဲ့အသုံးပြုသွားရန် ရည်မှန်းထားသည်။

နေရောင်ခြည်စွမ်းအင်

ကမ္ဘာ့ကုန်စည်ပြပွဲ ကာလအတွင်း ကုန်စည်ပြပွဲဥယျာဉ်တွင် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုထားကြောင်း တွေ့ရသည်။

ကမ္ဘာ့ကုန်စည်ပြပွဲတွင် မီးတိုင်များ၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ပြေးဆွဲပေးမည့် ဘတ်စ်ကားများ၊ စာနယ်ဇင်းအရောင်းဆိုင်များ၊ အဆောက်အအုံများအား စွမ်းအင်အထောက်အပံ့ပေးရာတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုသည်။

ကမ္ဘာ့ကုန်စည်ပြပွဲ သမိုင်းတွင် နေရောင်ခြည်စွမ်းအင်ကို အများဆုံးသုံးစွဲသည့် ကုန်စည်ပြပွဲအဖြစ် ရှန်ဟိုင်းကုန်စည်ပြပွဲကို တွေ့မြင်ရသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲဥယျာဉ်ရှိ အမြဲတမ်းအဆောက်အအုံ လေးလုံးအနက် သုံးလုံးတွင် နေရောင်ခြည်စွမ်းအင် နည်းပညာကို အသုံးပြုသည်။

ရှန်ဟိုင်းမြို့တွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ခြင်းမရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) တိုးတက် အသုံးပြုလာစေရန် ဒေသန္တရ အစိုးရအဖွဲ့က အားပေးလျက်ရှိသည်ဆို၏။

ဦးတည်ဆောင်ရွက်

ယနေ့ကာလတွင် ကမ္ဘာတစ်ဝန်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ရည်မှန်းချက်ဖြင့် သဘာဝနှင့် သဟဇာတရှိသော သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ (Environmentally-Friendly Transportation Services) ပေါ်ထွန်းလာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် တရုတ်နိုင်ငံက ခေတ်မီ သယ်ယူပို့ဆောင်ရေး နည်းပညာသစ်များ အသုံးပြုနိုင်ရန် ကြိုးပမ်းနေပုံကို မြန်မာသတင်းအဖွဲ့ သတိမူမိသည်။

ရှန်ဟိုင်းကုန်စည်ပြပွဲသည် စွမ်းအင်ထိန်းသိမ်းရေး ကိရိယာများ (Energy-Conservation Devices) အသုံးပြုရေးနှင့် ယင်းကိရိယာများနှင့် သုံးစွဲမှုတွင်ကျယ်လာရေးကို အားပေးသည်။ ၂၁ရာစုတွင် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော အလင်းရောင် သုံးစွဲမှုနည်းပညာ ခေတ်စား



အိန္ဒိယပြခန်းဆောင်။

လာနေပြီး LED ကိရိယာများဖြင့် အလင်းပေးသော စနစ်တစ်ရပ်ကို မြို့ပြဒေသစွမ်းအင်သုံးစွဲမှုပြကွက် (Urban Best Practices Area) တွင် ပြသထားသည်။

သဘာဝမိုးရေ

ကုန်စည်ပြပွဲဥယျာဉ် မေးတင်နေသည့် မြစ်ကမ်းနားတွင် ညစ်ညမ်းမှုကင်းမဲ့သော စွမ်းအင် (Pollution-free Energy)နှင့် တစ်ကျော့ပြန်ထုတ်လုပ်နိုင်သော သန့်စင်စွမ်းအင် (Recyclable Clean Energy) အသုံးပြုမှုကို ပြကွက်တစ်ကွက်အဖြစ် စက်ကိရိယာများဖြင့် သန့်စင်ကာ မြို့သူမြို့သားများ သုံးစွဲလာနိုင်ပေမည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ မြေလတ်ဒေသ၌ မိုးရေကို သိုလှောင်ကာ ရိုးရာနည်းစနစ်အရ သန့်စင်အသုံးပြုလျက်ရှိရာ မြန်မာ့လူနေမှုဘဝသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတအရှိဆုံးပင် ဖြစ်သည်ဟု ဆက်စပ် စဉ်းစားမိသည်။

သဘာဝရှုမျှော်ခင်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဟွမ်ပူမြစ်မှ မြစ်ရေကိုရယူကာ သန့်စင်ရာတွင် လေ့လာတွေ့ရှိရသည်။ မြစ်ရေကို အပူပေးကာ အသုံးပြုရာတွင်လည်းကောင်း၊ အအေးခံကာ အသုံးပြုရာတွင်လည်းကောင်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လုပ်ဆောင်နိုင်ပုံကို ပြသလိုခြင်းဖြစ်သည်။ ပြခန်းဆောင်များ၏ ခေါင်မိုးများပေါ်တွင် မိုးရေစုဆောင်းထားနိုင်သည့် စနစ်များကို ပြသထားသည်။ စုဆောင်းထားသော သဘာဝမိုးရေကို ခေတ်မီနည်းပညာသုံး

တရုတ် ပြခန်းဆောင်။

ရူပဗေဒနှင့် ဇီဝဗေဒ အခြေခံသိပ္ပံနှင့် နည်းပညာရပ်များကို အသုံးပြုသွားရန် စီစဉ်ထားသည်။ သန့်စင်ပြီး မြစ်ရေကို မြို့ပြရှိ ဥယျာဉ်ပန်းခြံများနှင့် သဘာဝရှုမျှော်ခင်းဒေသများ၌ သုံးစွဲသွားမည်ဟု သိရသည်။

အလေးပေး

ကုန်စည်ပြပွဲ ဥယျာဉ်အတွင်းရှိ ပြခန်းဆောင်များနှင့် ပြကွက်အဆောက်အအုံများ တည်ဆောက်ရာတွင်လည်းကောင်း၊ ဒီဇိုင်းပုံစံထုတ်လုပ်ရာတွင်လည်းကောင်း သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစေရန်နှင့် စွမ်းအင်ကို အထိရောက်ဆုံး အသုံးချစေရန် အလေးပေးသည်။ ပြခန်းဆောင်များနှင့် ပြကွက်အဆောက်အအုံများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းအမျိုးမျိုးနှင့် ကိုက်ညီအောင် တည်ဆောက်ထားကြောင်း မြန်မာသတင်းအဖွဲ့ မှတ်သားမိသည်။

စံချိန်စံညွှန်း

လေစွမ်းအင်ကို ရယူအသုံးပြုခြင်း၊ မြေအောက်အဆောက်အအုံများ၏ လေဝင်လေထွက်စနစ်သစ်များ ဖန်တီးခြင်း၊ သဘာဝအလင်းရောင်များ သုံးစွဲခြင်း၊ ခေါင်မိုးများနှင့် အဆောက်အအုံမျက်နှာစာများတွင် စွမ်းအင်သုံးစွဲမှုကို လျှော့ချခြင်း စသည့် စွမ်းအင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ပြခန်းဆောင်များကို ဒီဇိုင်းပုံစံ ထုတ်ထားသည်ကို တွေ့ရသည်။ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော ဆောက်လုပ်ရေးပစ္စည်းများကို အသုံးပြုကာ စွမ်းအင် (သို့မဟုတ်) အရင်းအမြစ် အသုံးပြုရမှု နည်းနိုင်သမျှ နည်းစေရန် ဗိသုကာ ဒီဇိုင်းပညာရှင်များက အလေးမူသည်။ ။

မကာအိုပြခန်းဆောင်။



13-5 (07).pmd 1 5/13/2010, 2:14 AM

အညာဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး စွမ်းဆောင်ချက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်

သတင်းခရီးသည် - မြင့်ဝေလှိုင် ➢ သတင်းဓာတ်ပုံ - ရဲသူရအောင် (ညောင်ဦးခရိုင်-ပြန်ဆက်) ➢ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

ညောင်ဦး မေ ၁၂

'ရေအသက် တစ်မနက်' ဟု ဆိုကြသည်။ ရေ၏တန်ဖိုးကို ဖွင့်ဆိုခြင်း ဖြစ်လေသည်။

'ရေအကျိုးဆယ်ပါး မတောင်းဘဲရသည်' ဟု ဆိုကြပြန်သည်။ ရေလှူခြင်းဖြင့် ကုသိုလ်ထူးကိုရရှိနိုင်ကြောင်း ပုံဖော်လိုခြင်း ဖြစ်လေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ရေ၏တန်ဖိုးကိုဖော်ညွှန်းခြင်းပင်ဖြစ်သည်။

သို့သော် တစ်ချိန်က အညာဒေသ မိုးနည်း ရေရှားရပ်ဝန်းတွင်မူ ရေ၏တန်ဖိုးကို ဤသို့ပုံဖော်ကြလေသည်။

၎င်းသည်ကား ''ရွှေကိုမလို ငွေကိုမလို ရေကိုသာ လိုသည်'' ဟူ၍...။

ရေသည် မိုးနည်းရေရှားဒေသနေ ကျေးလက်ပြည်သူများအတွက် ရွှေငွေတို့ထက်ပင်တန်ဖိုးကြီးခဲ့ပေသည်။

''ညောင်ဦးမြို့နယ်ရှိ ကျေးရွာ ၂၁၈ရွာ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ၂၂၅ တွင်းကို တူးဖော်ပေးခဲ့ပြီး ဖြစ်ပါတယ်''

ဦးထိန်ဝင်း၊ ဥက္ကဋ္ဌ
ညောင်ဦးခရိုင်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

မျက်ဝါးထင်ထင်

စာရေးသူ အညာဒေသ ပုဂံညောင်ဦးသို့ ရောက်ခိုက် ရေ၏တန်ဖိုးကြီးမားပုံကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။

လွန်ခဲ့သောကာလများက ပုဂံညောင်ဦးဒေသတွင် နွေရာသီ၌ ရေမရသဖြင့် စပါးသီးနှံများ မစိုက်ပျိုးနိုင်ခဲ့သော်လည်း ယနေ့ကာလတွင် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၏ ကျေးဇူးကြောင့် ထိုဒေသတွင် စိမ်းစိုသော လယ်ကွင်းပြင်ကြီးများကို တွေ့မြင်နေရပြီ။

တောင်ဇင်းကျေးရွာရှိ သဘာဝမြေသားကမ္ဘ သောက်ရေကန်ကြီးကို ဤသို့တွေ့ရသည်။

ရေအလုံအလောက်ရရှိ

ထို့ထက်ထူးခြားသည်ကား ထိုဒေသနေ ကျေးလက်ပြည်သူများ သောက်သုံးရေ အလုံအလောက် ရရှိနေခြင်းပင်ဖြစ်၏။ စာရေးသူ ပုဂံညောင်ဦးသို့ရောက်ခိုက် သတင်းဆောင်းပါးရေးရန် ညောင်ဦးမြို့၏ အရှေ့မြောက်ဘက်ရှိ ညောင်ဦး-မြင်းခြံလမ်း တစ်လျှောက်သို့လည်းကောင်း၊ ညောင်ဦးမြို့၏ အရှေ့တောင်ဘက်ရှိ ညောင်ဦး-ကျောက်ပန်းတောင်း လမ်းတစ်လျှောက်သို့လည်းကောင်း ခရီးထွက်ဖြစ်ခဲ့သည်။ ထို့အတူ ညောင်ဦးမြို့၏ တောင်ဘက်ရှိ မြင်းကပါ၊ ပုဂံမြို့သစ်မှသည် ညောင်ဦး-ချောက်လမ်း အတိုင်းလည်းခရီးထွက်ဖြစ်ခဲ့သည်။

စာရေးသူ ခရီးထွက်ဖြစ်ရာ ထိုလမ်းတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်များက တူးဖော်ပေးထားသည့် စက်ရေတွင်းများကို တွေ့ရသည်။

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထိန်ဝင်းနှင့် ခရိုင်ရုံးတွင် တွေ့ဆုံစဉ် ခရိုင်ဥက္ကဋ္ဌက ''သောက်သုံးရေရရှိရေး ဆောင်ရွက်တဲ့အနေနဲ့ ညောင်ဦးမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာစုစုပေါင်း ၂၁၈ ရွာအတွက် နယ်စပ်စည်ပင်နဲ့ အလှူရှင်တွေ၊ အခြားအဖွဲ့အစည်းနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ပံ့ပိုး ကူညီမှုနဲ့ စက်ရေတွင်းပေါင်း ၂၂၅ တွင်းကို တူးဖော်ခဲ့ပြီး ဖြစ်ပါတယ်'' ဟု ရှင်းပြခဲ့သည်။

ရေပေးရေးစီမံကိန်း

ထို့ပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်ကလည်း ''ရေပေးရေးစီမံကိန်းတွေ မစတင်မီက ကျေးရွာနေပြည်သူတွေဟာ သူတို့ နေထိုင်ရာနေရာ အနည်းဆုံးတစ်မိုင်မှ သုံးမိုင်အထိ သွားရောက် ရေခပ်ယူရတဲ့အတွက် အချိန်ကုန် လူပန်းဖြစ်ရပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်မှု နည်းပါးတဲ့အပြင် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ အရေပြားရောဂါနဲ့ မျက်ခမ်းစပ်ရောဂါတွေပါ အဖြစ်များခဲ့တယ်'' ဟု ရှင်းပြသည်။

''ကျေးလက်ဒေသတွေမှာ စက်ရေတွင်းတွေ တူးဖော်ပေးခဲ့တဲ့အတွက် ကျေးလက်ပြည်သူတွေ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပါတယ်''

ဦးမျိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ညောင်ဦးမြို့နယ်
စည်ပင်သာယာရေးအဖွဲ့။

တိုးတက်လာခဲ့

ဆက်လက်၍ ဦးမျိုးအောင်က ''ယနေ့ကာလမှာတော့ ကျေးလက်ဒေသတွေမှာ စက်ရေတွင်းတွေ၊ သောက်သုံးရေကန်တွေ တူးဖော်ပေးနိုင်ခဲ့တာကြောင့် ကျေးရွာနေပြည်သူတွေဟာ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းတွေပါ တွဲဖက်လုပ်ကိုင်နိုင်တဲ့အတွက် ကျေးရွာတွေဟာဖွံ့ဖြိုးလာတဲ့အပြင် မိသားစုဝင်ငွေတွေလည်း တိုးလာကြပါတယ်။ ရောဂါတွေလည်း ဖြစ်ပွားမှုလျော့နည်းလာပြီး စီးပွားရေး၊ ကျန်းမာရေးပါ တိုးတက်လာခဲ့ပါတယ်'' ဟု ရှင်းပြခဲ့သည်။

ဧပြီ ၂၀ရက် ညနေပိုင်းက စာရေးသူ ပုပ္ပားဘက်မှအပြန် ကျောက်ပန်းတောင်းလမ်းဘေး တောင်ဇင်းကျေးရွာအုပ်စုတွင် ထူးခြားစွာတူးဖော်တည်ဆောက်ထားသော သဘာဝမြေသားရေကန်ကြီးတစ်ကန်ကို တွေ့ရသည်။

အမည်ပေးထား

ထိုရေကန်ကို ကမ္ဘသောက်ရေကန်ကြီးဟု အမည်ပေးထားသည်။ အလျားပေ ၂၅၀၊ အနံပေ ၂၅၀ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ထိုရေကန်၏ ထူးခြားချက်က ကန်ပေါင်သည် အနီးဝန်းကျင်ရှိ ကျေးလက်အိမ်ရာများထက် မြင့်နေခြင်းဖြစ်၏။ မိုးတွင်း၌ သတ်မှတ်ရေအတိုင်းအတာအထိသာထားပြီး ရေလွှဲပေးကြောင်းသိရသည်။ နွေလယ်နေ့ခင်းဖြစ်လင့်ကစား ထိုကန်ကြီးတွင် ရေများရှိနေသည်ကို တွေ့ရသည်။ ထိုမြေသား ရေကန်ကြီး၏ ကျေးဇူးကြောင့် တောင်ဇင်းကျေးရွာအုပ်စုရှိ အိမ်ခြေ ၁၈၂၃အိမ်မှ လူဦးရေ ၁၂၀၀၀ခန့်နှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေရရှိနေကြောင်း သိရသည်။ အလားတူ မြေသားရေကန်များကို စကကျေးရွာ၊ ပျဉ်းချောင်းကျေးရွာ၊ ထီးပုကျေးရွာ၊ ကျောက်ပြင်ကန်ကျေးရွာနှင့် ဒဟတ်ကန်ကျေးရွာတို့တွင်လည်း တူးဖော်တည်ဆောက်ပေးထားကြောင်း သိရသည်။

တည်ဆောက်ပေး

ထို့အတူ မြစ်ရေတင်စီမံကိန်းများ၏ အကူအညီဖြင့် မြေနဲလေး၊ သစ်ထောင့်၊ ရွာအို၊ မြောက်ဘက်တန်း၊ တောင်ဘက်တန်း၊ ကန်တော၊ ရွာသစ်ကုန်း၊ မိုးနတ်ကုန်း၊ တောရွာ၊ ညောင်တို၊ ကုန်းတန်းကြီး၊ နတ်ကြို့အိုင်၊ အောက်ညဉ့်၊ အထက်ညဉ့်၊ ကုက္ကိုကုန်းကျေးရွာများတွင် အုတ်ရေကန်များကို တည်ဆောက်ပေးထားကြောင်း သိရသည်။ လောကနန္ဒာမြစ်ရေတင်မှ ဂါလန် ၁၂၀၀၀ဆံ့ ကန် ၁၃ ကန်၊ ကျောက်ကူး မြစ်ရေတင်မှ ဂါလန် ၁၂၀၀၀ ဆံ့ ကန်တစ်ကန်၊ ငါ့သရောက် မြစ်ရေတင်မှ ဂါလန် ၁၂၀၀၀ဆံ့ ကန်ငါးကန်၊ လက်ပန်ခြေပေါ် မြစ်ရေတင်မှ ဂါလန် ၁၂၀၀၀ ဆံ့ ကန်နှစ်ကန်၊ သူကောင်းတည်မြစ်ရေတင်မှ ဂါလန် ၁၂၀၀၀ ဆံ့ ကန်နှစ်ကန်တို့ ပါဝင်သည်။ ညောင်ဦးမြို့ပေါ်အတွက်ကိုမူ နတ်သမီးကမ်းပါးမှ ဧရာဝတီမြစ်ရေကို ရယူကာ ဂါလန် ၁၄၀၀၀၀ဆံ့ ရေကြည်စုကန်မှတစ်ဆင့် ပေးဝေနေကြောင်းသိရသည်။

ပို၍တန်ဖိုးရှိ

သိပ္ပံပညာရှင်များနှင့် သုတေသီများက ရေကို အနံ့အရသာမရှိဟုဆိုကြသည်။ တကယ်တော့ အညာဒေသ မိုးနည်းရေရှားရပ်ဝန်းနေ ပြည်သူများအတွက်မူ ရေသည် အရသာရှိလွန်းလှ၏။ ရေအသက် တစ်မနက်ဆိုသည့် စကားအတိုင်း သန့်ရှင်းသော သောက်သုံးရေကို သောက်လိုက်ရခြင်းက အစားအသောက်များကို စားလိုက်ခြင်းထက် ပို၍အရသာရှိလှသည်။ ပို၍ တန်ဖိုးရှိလှသည်။

ဖွံ့ဖြိုးဝေစည်

ယခုအခါ ကျေးလက်ဒေသ ရေရရှိရေး စီမံကိန်းများမှတစ်ဆင့် အညာဒေသ ညောင်ဦးခရိုင်တွင် စက်ရေတွင်းများ၊ သောက်သုံးရေကန်ကြီးများ ပေါ်ထွန်းနေပေသည်။ ယင်းတို့၏ ကျေးဇူးကြောင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို တစ်နှစ်

ရွှေလှိုင်းကျေးရွာ စက်ရေတွင်းမှ ကျေးရွာ... သုံးရေ ခပ်ယူနေကြစဉ်။

ဝါခင်းကြီးကျေးရွာနေ ပြည်သူများ သောက်သုံးရေရရှိစေရန် ဖလက်မ စက်ရေတွင်းကို ဤသို့ တူးဖော်ပေးခဲ့...

ဒဟတ်ကန်ကျေးရွာ မြေသားရေကန်ကို ဤသို့တွေ့ရသည်။

STI သင်တန်းဆင်းများက သင်တန်းအတွေ့အကြုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြန့်ဝေဆွေးနွေးမည်

ရန်ကုန် မေ ၁၂

STI Education က ပို့ချနေသော သင်တန်းများအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အစီအစဉ်တစ်ရပ်ဖြင့် ဖော်ထုတ်မည်ဖြစ်ကြောင်း သိရှိရသည်။

မေးမြန်းဆွေးနွေးနိုင်

STI မှ ဆရာများ၊ ဝန်ထမ်းများကသာမက ကျောင်းသားဟောင်းများက ဦးဆောင်ပြီး STI က သင်ကြားသော ဘာသာများ၊ သင်တန်းအတွေ့အကြုံများ၊ လက်ရှိမိမိတို့ ထမ်းဆောင်နေရသည့် အလုပ်အကိုင်တို့ကို ဆက်စပ်၍ ဆွေးနွေးရန်ရှိကြောင်း၊ ကျောင်းသားဟောင်းများက မိမိတို့၏ hands -on experiences များကို လက်တွေ့ ရှင်းပြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို ကျေနပ်လောက်သည့် အဆင့်အထိ မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းနေ့တွင် ဆွေးနွေးမည့် ဘာသာရပ်များမှာ Diploma in Logistics Management၊ Diploma in Supply Chain Management၊ Diploma in Business Management၊ Diploma in Business Information Systems၊ Diploma in TESOL၊ Certificate in TEFL၊ Certificate in TEYLT၊ Certificate in English Communication Skills၊ Certificate in English to Go၊ Certificate in Ethical Hacking၊ Adobe Certified Expert တို့ ဖြစ်ကြောင်း

…စားလိုက် …လှသည်။

ရွှေလှိုင်းကျေးရွာ စက်ရေတွင်းမှ ကျေးရွာနေပြည်သူများ သောက်သုံးရေ ခပ်ယူနေကြစဉ်။

…က်ဒေသ …တစ်ဆင့် …ရိုင်တွင် စက်ရေတွင်းများ၊ သောက်သုံးရေကန်ကြီးများ ပေါ်ထွန်းနေပေသည်။ ယင်းတို့၏ ကျေးဇူးကြောင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို တစ်နှစ်ပတ်လုံးရရှိနေပြီဖြစ်ရာ ညောင်ဦးခရိုင် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း ပိုမိုဖွံ့ဖြိုး ဝေစည်လာလျက် ရှိပါကြောင်း…။ ။(မြန်မာ့အလင်း)

…ရရှိစေရန် ၆လက်မ စက်ရေတွင်းကို ဤသို့ တူးဖော်ပေးခဲ့သည်။

…င်းများက သင်တန်းအတွေ့အကြုံနှင့် …့အလမ်းများ ဖြန့်ဝေဆွေးနွေးမည်

လက်တွေ့ ရှင်းပြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို ကျေနပ်လောက်သည့် အဆင့်အထိ မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ ယင်းနေ့တွင် ဆွေးနွေးမည့် ဘာသာရပ်များမှာ Diploma in Logistics Management၊ Diploma in Supply Chain Management၊ Diploma in Business Management၊ Diploma in Business Information Systems၊ Diploma in TESOL၊ Certificate in TEFL၊ Certificate in TEYLT၊ Certificate in English Communication Skills၊ Certificate in English to Go၊ Certificate in Ethical Hacking၊ Adobe Certified Expert တို့ ဖြစ်ကြောင်း တက်ရောက်လာသူများအနေဖြင့် မည်သည့်ဘာသာရပ်ကို ရွေးချယ်ရမည်၊ မသေချာပါက မိမိ၏ ပညာရေးနောက်ခံနှင့် စိတ်ဝင်စားမှုပေါ်မူတည်၍ လမ်းညွှန်မှုများ ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အစီအစဉ်ကို မေ ၁၅ရက် ညနေ ၄နာရီမှ ၆နာရီအထိ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို စာရင်းပေးသွင်း၍ အခမဲ့တက်ရောက်ဆွေးနွေးနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ ကြိုတင်သိရှိလိုပါက အမှတ်-၃၇၇၊ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း အဆောင်-၄၊ အခန်း-၇၊ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း ဖုန်း- ၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေး အပ်နှံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

ပဥ္စမအကြိမ်ညီလာခံ

၂၀၁၀ ပြည့်နှစ်၊ မေလ (၁၆) ရက်မှ (၁၇) ရက်
မြန်မာနိုင်ငံ ကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
အစည်းအဝေးခန်းမ၊ ရန်ကုန်မြို့။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **နိယတမိစ္ဆာ ဒိဋ္ဌိဖြုတ်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၀ ဆုပန်ရည်စူးအရောက်ဖူး…. မြတ်ဘုရားဖောင်တော်ဦး
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၉)
- ၈:၃၀ Sports World [Contender (North Korea & Donmark)]
- ၈:၅၅ ရိုးရိုးယဉ်ယဉ် အလှသွေးကြွယ်
- ၉:၁၅ Activities in the City -ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲ -Follow Me နှင့် Secret အလှကုန်ပစ္စည်းများ၏ ရွှေမဟာကံထူးရှင် ရွေးချယ်ပွဲ
- ၉:၄၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ- ဖြူဖြူကျော်သိန်း)
- ၁၀:၂၀ ကျိုက်မော်ဝန်းမှာ ပါဝင်န္တဲ့ပျော် ဆွမ်းသပိတ်မျှောပွဲတော်
- ၁၀:၄၅ ဂီတသရုပ်ပြခန်း (ပန်ဆုပြည့်ကျော်-ဘုံကထိန်နှင့် ကိုယ်ပိုင်တဲ့ကမ္ဘာ)
- ၁၁:၀၅ သွေးတိုးဆီးချိုအကြောင်း သိကောင်းစရာ တိုင်းရင်းဆေးပညာ
- ၁၁:၂၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင် သံယောဇဉ်)
- ၁၁:၅၀ Organic Certificate လက်ခံရရှိသည်
- ၁၂:၁၀ ကမ္ဘာနှင့် ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၁၂:၂၀ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
- ၁၂:၄၀ ကျိုက်မော်ဝန်းမှာ ပါဝင်န္တဲ့ပျော် ဆွမ်းသပိတ်မျှောပွဲတော်
- ၁:၀၀ **နိယတမိစ္ဆာ ဒိဋ္ဌိဖြုတ်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Traditional Fashion)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၉)
- ၄:၁၀ Activities in the City -ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ဆုပေးပွဲနှင့် နှစ်ပတ်လည်စည်းဝေးပွဲ -Follow Me နှင့် Secret အလှကုန်ပစ္စည်းများ၏ ရွှေမဟာကံထူးရှင် ရွေးချယ်ပွဲ
- ၄:၃၅ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
- ၅:၀၅ ရိုးရိုးယဉ်ယဉ် အလှသွေးကြွယ်
- ၅:၂၅ မူဟန်ကိုယ်စီ တေးကိုသီ
- ၅:၄၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (National Council of Physical Distribution Management)
- ၇:၀၀ Fashion Music Festival (Traditional Fashion)
- ၇:၃၅ ဈေးဝယ်လမ်းညွှန် (သိင်္ဂီရွှေဝါပိုးထည်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- ဖြူဖြူကျော်သိန်း)
- ၉:၁၅ ရန်ကုန်မြင်ကွင်းကျယ် (National Council of Physical Distribution Management)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၉)
- ၁၀:၀၀ အနုပညာမိုးကောင်းကင်
- ၁၀:၂၅ အရောက်လာခဲ့မည် ရွှေမြန်မာပြည်
- ၁၀:၅၀ ဂီတသရုပ်ပြခန်း (ပန်ဆုပြည့်ကျော်-ဘုံကထိန်နှင့် ကိုယ်ပိုင်တဲ့ကမ္ဘာ)
- ၁၁:၀၀ **ဆီးချိုသွေးချိုကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၃၅ ကျေးပင်အက် ရေလှောင်တမံ
- ၁၁:၄၀ Organic Certificate လက်ခံရရှိသည်
- ၁၂:၀၀ အေးမိသားစု လီမိတက်၏ ဆောက်လုပ်ရေးနှင့် Pro-1 Taxi Meter
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည် နှလုံးအဆို့ရှင် အစားထိုးခွဲစိတ်တပ်ဆင်မှု ကုန်ကျငွေပေးအပ်

ရန်ကုန် မေ ၁၂

အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်သည် မေ ၃ရက်က ရန်ကုန်မြို့ရှိ အလုပ်သမားဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ မျက်စိခွဲစိတ်ကုသသည့် လူနာများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး အလုပ်သမားဆေးရုံကြီးအတွက် လိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ပေးခဲ့သည်။

ကုန်ကျငွေပေးအပ်

ယင်းနောက် ဝန်ကြီးသည် လူမှုဖူလုံရေးအဖွဲ့၏ အာမခံအလုပ်သမားဖြစ်သူ ကြံခင်းဘိလပ်မြေစက်ရုံမှ ဦးကျော်ဝေအား နှလုံးခွဲစိတ်ကုသ၍ နှလုံးအဆို့ရှင် အစားထိုးခွဲစိတ်တပ်ဆင်ခဲ့ရာ၌ ကုန်ကျခဲ့သည့် ငွေကျပ်သိန်း ၂၀ကို ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမား လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လိုအပ်ချက်အရ အလုပ်သမားဆေးရုံများမှအပ အခြားဆေးရုံများ၌ တက်ရောက်ဆေးကုသရသည့်အတွက် ကုန်ကျခဲ့သည့် စရိတ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် ကိုးဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိ

နေပြည်တော် မေ ၁၂

ဧပြီ ၁၅ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ X_2O ရေကစားမဏ္ဍပ်ရှေ့၌ ပုံးပေါက်ကွဲမှုကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးရုံအသီးသီးတို့၌ ဆေးကုသမှု ခံယူလျက်ရှိသော ဒဏ်ရာရလူနာ ၁၇၀အနက် လူနာအများစုမှာ ဆေးရုံမှ ဆင်းသွားနိုင်ခဲ့ကြပြီး အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြကြောင်း သတင်းများထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ခံယူ

ယခုအခါ အဆိုပါ ဆေးကုသမှုခံယူလျက်ရှိသော လက်ကျန်ဒဏ်ရာရ လူနာများအနက် သက်သာပျောက်ကင်းသူများ ဆေးရုံမှ ထပ်မံဆင်းသွားခဲ့ကြသဖြင့် ယနေ့အထိ အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ကိုးဦးသာ ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နောင်ချိုမြို့နယ်၌ ရေထွက်သန့်ရှင်းရေး ဆောင်ရွက်

နောင်ချို မေ ၁၂

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးဆောင်ရွက်လျက်ရှိသော ရေထွက်များရေထွက်အား ကောင်းစေရေးနှင့် အမှိုက်သရိုက်များ သန့်ရှင်းစေရေးအတွက် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဦးကျော်၏ ရေထွက်အား မေ ၃ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းနှင့်အဖွဲ့ ဝန်ထမ်းများသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ပေးခဲ့သည်။

(မြို့နယ်စည်ပင်)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ဆိပ်ဖြူမြို့ အထက်တန်းကျောင်းတွင် အင်္ဂလိပ်စာနှင့်သင်္ချာ သင်ကြားမှုစွမ်းရည် မြှင့်မားရေးသင်တန်းဖွင့်

ဆိပ်ဖြူ မေ ၁၂

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် မြို့နယ်အဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မေ ၄ရက် နံနက် ၉နာရီက ဆိပ်ဖြူမြို့ အထက နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ဌေးတို့က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ ၁၀ရက်ဖြစ်၍ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၂၁ ဦး တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြောက်ပိုင်းဒေသများ၌ ထစ်ချုန်းမိုးရွာဖွယ်ရှိ

နေပြည်တော် မေ ၁၂

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်ရှိပြီး ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ကျိုင်းတုံမြို့တွင် ၀ ဒသမ ၃၆ လက်မ၊ ခရမ်းမြို့တွင် ၀ ဒသမ ၃၂ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆လက်မ တို့ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**မေ ၁၃ ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဦးနှောက်အာဟာရဖြည့်စွမ်းဖို့ ဝိုင်းဝန်းကူညီပါဝင်စို့

ကြယ်စင်နိုင်

လူတစ်ယောက်လျှင် ဝါသနာတစ်ခုစီရှိတတ်ကြသည်။ အချို့က အစား၊ အချို့ကအားကစား၊ အချို့က အပျော်အပါး၊ အချို့ကတေးဂီတ အစရှိသဖြင့် လူအမျိုးမျိုး ဝါသနာအထွေထွေပင်ဖြစ်သည်။ ထိုအထဲတွင်မှ စာအုပ်စာပေ ဖတ်ရှုခြင်းကို ဝါသနာထုံသောလူမျိုးများလည်း အများအပြားရှိပါသည်။ စာပေဖတ်ရှုခြင်းသည် စာအုပ်ထဲမှနေ၍ ကျယ်ပြန့်လှသော ကမ္ဘာကြီးတွင် လှည့်လည်ကျက်စားပျော်မွေ့နိုင်သည်။ စာအုပ်စာပေများထဲမှာ မိမိရှေ့မှ လူ့လောကကို ဖြတ်သန်းသွားသောသူတို့၏ အတွေ့အကြုံများကို ပညာယူနိုင်သည်။ လူ့လောကတွင် ဖြစ်တတ်၊ ပျက်တတ်သော သဘာဝများကို သင်ခန်းစာယူနိုင်သည်။ စာဖတ်ခြင်းဖြင့် မျက်မှောက်ကမ္ဘာ့ရေးရာများကို ချက်ချင်းသိနိုင်သည်။ လမ်းရိုးတွင် ဆင့်ကဲတီထွင်နိုင်ရန် 'စာပေ'သည် အခြေခံဖြစ်သည်။ လူနှင့် တိရစ္ဆာန်ခြားနားမှု၊ လူသည်တိရစ္ဆာန်ထက်သာလွန်သည်ဆိုသော အချက်အတွက် စာပေသည် ထင်ရှားသည့် သင်္ကေတဖြစ်သည်။

စာပေတွင် သေးငယ်သော အပ်တစ်ချောင်းအကြောင်းမှသည် နောက်ဆုံးပေါ် နည်းပညာများအထိ မှတ်တမ်းတင်ထားပြီးဖြစ်သည်။ စာပေနှင့် ကင်းလွတ်၍ ထင်ရှား ကျော်ကြားသူမရှိ။ စာပေနှင့်ကင်းလွတ်၍ တိုးတက်သော နည်းပညာဟူ၍ မရှိပါချေ။ စာသည် လူ့အဖွဲ့အစည်း အဓွန့်ရှည်တည်တံ့ရေးအတွက်၊ တိုးတက် ဖွံ့ဖြိုးရေးအတွက် ပင်မရေသောက်မြစ်ပင် ဖြစ်သည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ"ဟူသော စကားသည် လူတိုင်းနားတွင်စွဲမြဲနေသော ဆိုရိုးစကားတစ်ခုဖြစ်ပါသည်။ ရှေးယခင်ကပင် စာအုပ်စာပေ၏ အရေးပါသော အခန်းကဏ္ဍကို ပညာရှိတို့ကပြဆိုခဲ့ပါသည်။ လူသည် တစ်ဦးတစ်ယောက်တည်း နေနိုင်သော သတ္တဝါမဟုတ်ပေ။ လူမှုဆက်ဆံရေးအပိုင်းတွင် မိတ်ဆွေအပေါင်းအသင်းများနှင့် ပေါင်းသင်းဆက်ဆံရမည်သာဖြစ်သည်။ ဘဝကို ရင်ဆိုင်ဖြတ်သန်းရာတွင် စစ်မှန်သော မိတ်ဆွေအပေါင်းအသင်းရှိမှသာ ဘဝ၏အဆိုးအကောင်း၊ အကျိုးအကြောင်းများကို ခံနိုင်ရည်ရှိပေမည်။ မိတ်ဆွေအပေါင်းအသင်းတွင် မိတ်ဆွေတုနှင့် မိတ်ဆွေစစ်ဟူ၍ နှစ်မျိုးရှိသေးသည်။ ထိုသို့ဖြတ်သန်းရင်ဆိုင်နိုင်ရန်အတွက် မိတ်ဆွေစစ်သည် အရေးကြီးသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် စိတ်အခန့်မသင့်ပါက အပြောင်းအလဲဖြစ်နိုင်သည်။ စာအုပ်စာပေတည်းဟူသော မိတ်ဆွေသည်ကား မည်သည့်အခါမျှ မပြောင်းမလဲ ထာဝရလက်တွဲရှိနေမည့် မိတ်ဆွေစစ်ပင်ဖြစ်သည်။

စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် ဘဝပင်လယ်ကိုဖြတ်ကူးရာတွင် လှိုင်းတံပိုးဒဏ်ကို မည်သို့ကြံ့ကြံ့ခံရမည်ကိုလည်းကောင်း၊ ဘဝခရီးကြမ်းကို မည်သို့လွယ်ကူစွာ ဖြတ်သန်းရမည်ကိုလည်းကောင်း ဗဟုသုတကောင်းစွာ ရရှိစေပါသည်။ စာပေသည် အမှောင်ကိုလင်းစေ၍ အကန်းကို မြင်စေနိုင်သည်။ လမ်းမှားလျှောက်သူကို လမ်းမှန်ရောက်စေနိုင်၍ ဆိုးသွမ်းသူကို လိမ္မာစေနိုင်သည်။ **"ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည့်"** ဟု စာဆို ရှင်မဟာရဋ္ဌသာရက ဆုံးမခဲ့ပါသည်။ စာအုပ်စာပေ၏ ကျေးဇူးတရားကား ကြီးမားလှသလို စာပေ၏အစွမ်းသတ္တိကလည်း ကြီးမားလှပါသည်။ ဆရာကြီးလူထုဦးလှက **'စာမဖတ်သူသည် တိုးတက်မှုရပ်နေသည်၊ စာဖတ်သူသည် တိုးတက်မြဲတိုးတက်နေသည်'** ဟု မိန့်ဆိုခဲ့ဖူးပါသည်။

လူတစ်ဦး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ထိုသူ၏ အသိဉာဏ်ရှိမှု၊ မရှိမှုပေါ်တွင် တိုင်းတာခြင်းဖြစ်ပေရာ အသိဉာဏ်ကျယ်ပြန့်သူသည် တိုးတက်သူဖြစ်သည်။ အသိဉာဏ်နည်းပါးသူသည် ဆုတ်ယုတ်သူဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်ကျယ်ပြန့်ရေးအတွက် စာဖတ်ခြင်းသည် မဖြစ်မနေ လိုအပ်ချက်ဖြစ်သည်။ ထိုအချက်နှင့် ပတ်သက်၍ ဆရာပီမိုးနင်းက **"လူကို စိတ်က အုပ်စိုးသည်၊ စိတ်ကိုအသိဉာဏ်က အုပ်စိုးသည်၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုးသည်၊ ဗဟုသုတကို စာပေကအုပ်စိုးသည်"**ဟု ဆိုခဲ့ဖူးပါသည်။

စာပေဖတ်ရှုခြင်းဖြင့် ဆုတ်ယုတ်သွားသောသူဟူ၍ မည်သည့်အခါမျှ မရှိခဲ့ဖူးပါ။ စာပေလေ့လာဖတ်ရှုမှုမြင့်မားသည်နှင့်အမျှ ဆောင်ရန် ရှောင်ရန်တည်းဟူသော စဉ်းစားချင့်ချိန်နိုင်စွမ်းသည် အသိဉာဏ်ကျယ်ပြန့်တိုးတက်လာမည်သာဖြစ်သည်။ အသိဉာဏ်ကျယ်ပြန့်စေရန် စာများများဖတ်ရန်လိုသည်။ စာဖတ်များခြင်းဖြင့် ဗဟုသုတများလာမည်။ ဗဟုသုတများလေလေ၊ အသိဉာဏ် ပိုမိုကျယ်ပြန့်လေလေဖြစ်ရာ အသိဉာဏ်ကျယ်ပြန့်လာသည်နှင့်အမျှ စာဆိုး၊ စာကောင်းခွဲခြားသိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ကောင်းသောအပြုအမူ၊ မကောင်းသောအပြုအမူဟူ၍ စိစစ်ဝေဖန်နိုင်ကာ ရှောင်သင့်သည်ကိုရှောင်၍ ဆောင်သင့်သည်ကိုဆောင်နိုင်သော လူတော်လူကောင်းတစ်ယောက် ဖြစ်လာနိုင်ပေသည်။ အသိဉာဏ်ကျယ်ပြန့်မှုသည် စာဖတ်များသူအဖို့ မလွဲမသွေရရှိမည့် ဆုလာဘ်တစ်ပါးပင်ဖြစ်သည်။

စာပေဖတ်ရှုခြင်းဖြင့် တိုးတက်အောင်မြင်ခဲ့သူများကို သမိုင်းစာမျက်နှာတွင် အထင်အရှားတွေ့မြင်နိုင်ပါသည်။ မြန်မာ့သမိုင်းတွင် စာပေလေ့လာမှုကြောင့် ထိုက်တန်စွာချီးမြှောက်ခံရသော စာတိုင်ညို တစ်ဖြစ်လဲ ဝန်ဇင်းမင်းရာဇာသည် ထင်ရှားသော သာဓကပင်ဖြစ်သည်။ စာအုပ်စာပေကြောင့် အယ်ဒီဆင်၊ အဲဖရက်နိုဘယ် စသောသိပ္ပံပညာရှင်များကို မွေးထုတ်နိုင်သကဲ့သို့ မဟာတ္တမဂန္ဒီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ အေဗရာဟင်လင်ကွန်း စသောနိုင်ငံ့ခေါင်းဆောင်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။ စလေဦးပုည၊ ရာဘင်ဒြာနတ်တဂိုး၊ ဟဲမင်းဝေး၊ နတ်သျှင်နောင် စသောစာပေအကျော်အမော်များကိုလည်း ပေါ်ထွန်းစေခဲ့သည်။

စာတတ်ခြင်းကြောင့် လူတစ်ယောက်ဘဝ တစ်ဆင့်မြင့်သွားနိုင်ပေရာ စာပေကို ဖြန့်ဖြူးဝေငှသူများရှိသကဲ့သို့ စာပေတတ်မြောက်ခြင်းကြောင့် ဘဝတိုးတက်ရာတိုးတက်လမ်းများကို ရှာဖွေတွေ့ရှိသွားမည်ကို စိုးရိမ်ကြသူများလည်းရှိခဲ့သည်။ အေဒီ ၁၆ရာစုခန့်က တောင်ကယ်ရိုလိုင်းနားရှိ ကျေးပိုင်ရှင်ကျွန်ပိုင်ရှင်များသည် ကျွန်များကို စာပေသင်ကြားပေးခြင်းမရှိခဲ့ပေ။ စာပေတတ်မြောက်ခြင်းဖြင့် ဖိနှိပ်ခံနေရသောဘဝများမှ ရုန်းထွက်လွတ်မြောက်ရန် အသိပညာများကျယ်ပြန့်လာမည်ကို စိုးရိမ်သဖြင့် စာသင်ကြားခြင်းကို ပြင်းထန်စွာ တားမြစ်ကန့်ကွက်ခဲ့ကြသည်။ ကျွန်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လူမည်းမှန်လျှင်မည်သူမျှစာမသင်ရ၊ သင်လည်းသင်မပေးရဟူ၍ တားမြစ်ပိတ်ပင်သည့် တင်းကျပ်သည့်ဥပဒေများ ထုတ်ပြန်ခဲ့သည်။ စာသင်ကြားခြင်းကို ရာစုနှစ်နှင့်ချီကာ ပြောင်ပြောင်တင်းတင်း ပိတ်ပင်ခံခဲ့ရသော အာဖရိကနွယ်ဖွား အမေရိကန်ကျေးကျွန်များတွင် နှိပ်ကွပ်ခံရမှုများ အများအပြားရှိခဲ့သည်။ ထိုခေတ်အခါက စာဖတ်သောကျေးကျွန်သည် သခင်၏ နွားသားရေချပ်ဖြင့် ရိုက်နှိပ်ခြင်း၊ ကြိုးထုံးကိုးခုပါကြာပွတ်များဖြင့်ရိုက်နှက်ခြင်း၊ လက်ညှိုးတစ်ဆစ် ဖြတ်တောက်ခံရခြင်း စသော ပြစ်ဒဏ်များကိုခံစားခဲ့ကြရသည်။ ကျွန်အချင်းချင်းစာသင်ပေးသည်ကို တွေ့ရသည့်အတွက် ကြိုးပေးစီရင်ခြင်းခံရသော ကျွန်ဆရာများ အမေရိကန်တောင်ပိုင်းတစ်ခွင်တွင် အနှံ့အပြားရှိခဲ့သည်။

စာဖတ်တတ်ရုံသက်သက်ဖြင့် ကျေးကျွန်တစ်ယောက်သည် နေ့ချင်း ညချင်း လွတ်လပ်သောသူတစ်ယောက် ဖြစ်မလာနိုင်ပါ။ သို့သော် မိမိကို ကျွန်အဖြစ်ချုပ်နှောင်ထားသော ကြိုးများကိုမြင်သာရုံသာမက ထိုကြိုးများကို ဖြေနိုင်ရန် အကြံသစ် ဉာဏ်သစ် နည်းလမ်းသစ်များကို စဉ်းစားမိစေသည်။ ထိုသို့ လူတစ်ယောက်၏ ဘဝနှင့်သက်ဆိုင်သော အတွေးသစ်အမြင်သစ်များကို ဆောင်ကြဉ်းပေးနိုင်သော စာအုပ်စာပေများဖတ်ရှုလေ့လာခြင်းကို ကောင်းမွန်သော အလေ့အကျင့်တစ်ခုသဖွယ် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ စာအုပ် စာပေ၏ အကျိုးကျေးဇူးကိုသိရှိကာ စာအုပ်စာပေဖတ်ရှုလေ့လာခြင်းကို ပြုလုပ်မှ ထိုအကျိုးကျေးဇူးများကို လက်တွေ့ကျကျ ခံစားခွင့်ရရှိမည်ဖြစ်သည်။

ထိုသို့ စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးကိုသိရှိပြီး စာအုပ်စာပေလေ့လာဖတ်ရှုခြင်းကို ငွေကုန်ကြေးကျသက်သာစွာဖြင့် ထိမိစွာ ဆောင်ရွက်နိုင်သောနေရာသည်ကား စာကြည့်တိုက်ပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဆုံးသောစာကြည့်တိုက်ကို လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀ ခန့်က ဘေဘီလုံးနီးယားတွင် တည်ဆောက်နိုင်ခဲ့သည်။ ယခုအခါတွင်မူ လန်ဒန်ဗြိတိသျှပြတိုက်မှ စာကြည့်တိုက်၊ အောက်စဖို့ဒ်တက္ကသိုလ် မော်ဒလီယန်စာကြည့်တိုက်၊ ထရီဘီနီကောလိပ်စာကြည့်တိုက်၊ ကိန်းဘရစ်ချ်တက္ကသိုလ်စာကြည့်တိုက်၊ ပြင်သစ်ပြည် ပါရီမြို့တော်ရှိ နိုင်ငံတော်စာကြည့်တိုက်၊ ရောမရှိ ဗာတီကန်စာကြည့်တိုက်၊ ဝါရှင်တန် ကွန်ကရက်စာကြည့်တိုက်နှင့် လီနင်ဂရက်ရှိနိုင်ငံတော်စာကြည့်တိုက်ကြီးများကဲ့သို့ ကမ္ဘာကျော်စာကြည့်တိုက်ကြီးပေါင်းများစွာ ရှိနေပြီဖြစ်သည်။ ကမ္ဘာ့အနှံ့အပြားတွင်လည်း စာကြည့်တိုက်ပေါင်းများစွာကို တည်ဆောက်ထားခဲ့ပြီးဖြစ်သည်။

စာကြည့်တိုက်များကို အသုံးချ၍ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ စာပေ နယ်ပယ်များတွင် ထူးချွန်ထင်ရှားသူများစွာ ပေါ်ထွန်းခဲ့ပါသည်။ ကွန်မြူနစ်ဝါဒဖခင်ကြီး ကားလ်မက်(က်)(စ်)၊ ရုရှားမှခရိုပေါ့(တ)ကင်၊ အင်္ဂလိပ်ဝတ္ထုရေးဆရာမ ဗာဂျီနီးယားဝုလ်(ဖ)၊ အဘိဓာန်နှင့် ရေးထုံးကျမ်းပြုစုသူ ပါးထရစ်(ချ်)၊ စာရေးဆရာကြီး ဘားနာ့ဒ်ရှော၊ ရုရှားတော်လှန်ရေးကို ဦးဆောင်ခဲ့သူ လီနင် စသည်တို့သည် စာကြည့်တိုက်ကို နှစ်ရှည်လများ အသုံးပြု၍ အောင်မြင်မှုကို ရယူပိုင်ဆိုင်နိုင်ခဲ့သူများ ဖြစ်သည်။

ထိုအချက်များကို ကြည့်ရှုခြင်းဖြင့် စာကြည့်တိုက်တစ်တိုက်သည် သေချာထိမိစွာ အသုံးချနိုင်ပါက မှန်းဆမရနိုင်သော အောင်မြင်မှုတန်ဖိုးများကို ပေးစွမ်းနိုင်သည့် ရတနာသိုက်တစ်သိုက်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အားကစားကွင်းအသီးသီးက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရန် ဖန်တီးပေးသကဲ့သို့ စာကြည့်တိုက်များက စိတ်ခန္ဓာ ဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးပေးပါသည်။ ယဉ်ကျေးမှုအဆင့်အတန်းရှိသော နိုင်ငံတိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံစနစ်ကောင်းသော နိုင်ငံတိုင်းတွင် စာကြည့်တိုက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူများ အသိဉာဏ်ရင့်သန်စေရန်၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုများနှင့် တန်းတူအမီလိုက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ထားပါသည်။ မြန်မာနိုင်ငံလူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသများမှ ပြည်သူများ အသိဉာဏ်ဗဟုသုတ မြင့်မားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရေးအတွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပေးခဲ့ရာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာပေါင်း ၆၄၉၈၉ ရွာအနက် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၅၇၅၅ တိုက် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုအထဲတွင်မှ စာကြည့်တိုက် စံ(၅)ရပ်နှင့် ပြည့်စုံသော စာကြည့်တိုက်ပေါင်း ၂၈၆၅၈ တိုက်ကို ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောင်ရွက်ရန်ကျန်ရှိသည့် စာကြည့်တိုက်များသည် ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အအုံမရှိခြင်း၊ ပရိဘောဂ၊ စာအုပ်စာစောင် ပြည့်စုံမှုမရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်ရန် ခက်ခဲလျက်ရှိပါသည်။ကျေးလက်နေပြည်သူများ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုသိရှိရန်၊ ထိုသို့သိရှိပြီး စာဖတ်ဝါသနာပါလာရန်နှင့် စာဖတ်ဝါသနာပါပြီးနောက် စာဖတ်သည့် အလေ့အထစွဲမြဲစေရန်အတွက် စာကြည့်တိုက်များသည် ကျေးလက်များတွင် မဖြစ်မနေ ရှင်သန်တည်တံ့နေရန်လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်ဆိုရာတွင် မြို့နေလူတန်းစားတစ်ရပ်တည်း ဖွံ့ဖြိုးတိုးတက်ရုံနှင့် တိုးတက်သောနိုင်ငံဟု မဆိုနိုင်ပါ။ နိုင်ငံတစ်ဝန်းလုံးရှိ လူတန်းစားအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ထိုသို့ ကျေးလက်ဒေသများပါ မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာများတွင် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးခိုင်မာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်မှာ နိုင်ငံတော်ဘဏ္ဍာငွေနှင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် မထိရောက်နိုင်ပါ။ ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးကို အထောက်အကူပြုရန်နှင့် စာအုပ်စာစောင်များ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် စာပေပညာရှင်များ၊ လုပ်ငန်းရှင်များပါဝင်ရန် လိုအပ်လာပါသည်။

ယခုအခါတွင် ကျေးရွာစာကြည့်တိုက်များ၏ ရေရှည်တည်တံ့မှုကို ပံ့ပိုးကူညီပေးနိုင်သည့် စာကြည့်တိုက်ဖောင်ဒေးရှင်းတစ်ခုကို ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်လုပ်ဆောင်လာသည်ကို တွေ့ရပါသည်။ ထိုသို့ ဖွဲ့စည်းဆောင်ရွက်ရာတွင် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် စာအုပ်စာစောင်များ ဖြည့်ဆည်းထောက်ပံ့ပေးခြင်း၊ အခိုင်အမာစာကြည့်တိုက်များအဖြစ် ရပ်တည်လာနိုင်ရေးအတွက် အဆောက်အအုံနှင့် ပရိဘောဂများ မတည်ထောက်ပံ့ပေးခြင်း၊ ပြည်သူများအတွင်း စာဖတ်ဝါသနာနှင့် စာဖတ်သည့်အလေ့အထ ပြန့်ပွားစွဲမြဲခိုင်မာလာစေရေးအတွက် စာပေပညာရှင်များ ကွင်းဆင်း၍ ဟောပြောဆွေးနွေးခြင်း၊ ပညာပေးစည်းရုံးခြင်း၊ အားပေးလှုံ့ဆော်ခြင်း၊ ပျိုးထောင် မြေတောင်မြှောက်ပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်လည်း စီစဉ်ထောက်ကူပံ့ပိုး ဆောင်ရွက်ပေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်သည်။ ကျေးရွာစာကြည့်တိုက်များ စနစ်တကျထိန်းသိမ်းလည်ပတ်စေနိုင်ရေးအတွက် ပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီမှုများပေးခြင်း၊ ဖောင်ဒေးရှင်းရန်ပုံငွေ တိုးပွားစေရေးအတွက် စီမံဆောင်ရွက်ခြင်းစသည်များကို စနစ်တကျလုပ်ဆောင်သွားမည်ဖြစ်သည်။

ထိုသို့ ကျေးလက်ရှိစာကြည့်တိုက်များ တိုးပွားရှင်သန်စေရေးအတွက် သာမက စာပေဖတ်ရှုသည့်အလေ့အထ တိုးတက်လာစေရန် စာဖတ်ဝိုင်းများ ကျင်းပပေးခြင်း၊ စာပေဟောပြောပွဲများ ကျင်းပပေးခြင်း၊ စာပေနှင့် သက်ဆိုင်သော ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့်လည်း စာပေဖတ်ရှုမှုအဆင့်အတန်း တိုးမြင့်လာစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များလည်း ပါဝင်သည်။ ထိုသို့သော အစီအစဉ်များ၊ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန်အတွက် စေတနာရှင်ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏အားများ ပါဝင်ဆောင်ရွက်ရန် လိုအပ်လာသည်ကို တွေ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတကာ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးကို အဓိကအားထုတ် လုပ်ဆောင်လာသည်ကို တွေ့ရသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် လူသား၏အသိဉာဏ်ရင့်ကျက်မှု၊ ဗဟုသုတကြွယ်ဝမှု၊ တွေးခေါ်ဆင်ခြင်မှု၊ စွမ်းအားမြင့်မားမှု၊ လွတ်လပ်ပွင့်လင်းသော အတွေးအမြင်ရှိမှုနှင့် ခေတ်မီတိုးတက်သော နည်းပညာအသိရှိမှုတို့အပေါ်တွင် အခြေခံပေရာ ထိုအချက်များ၏ အခြေခံဖြစ်သော စာပေဖတ်ရှုမှုသည် အရေးပါလာခဲ့ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ရုပ်ပိုင်းဆိုင်ရာဖြစ်သော စက်မှုလက်မှု နည်းပညာတိုးတက်မှုသာမက စိတ်ပိုင်းဆိုင်ရာဖြစ်သော အသိဉာဏ် အတွေးအခေါ် တိုးတက်မှုသည်လည်း တန်းတူအရေးပါပေသည်။ စာပေသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့အတွက် လိုအပ်သော အသိအမြင်များကို ပေးစွမ်းနိုင်ပေသည်။

စာကြည့်တိုက်တစ်တိုက်သည် လူတစ်ယောက်ချင်းစီ၏ဘဝကို တိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်ရုံသာမက လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံမှသည် ကမ္ဘာလောကကြီးတစ်ခုလုံး တိုးတက်အောင် စွမ်းဆောင်နိုင်ပေသည်။ ထိုသို့ **လူ့ဘောင်တစ်ခု ပြောင်းလဲတိုးတက်ရာတွင် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော စာကြည့်တိုက်များ ရေရှည်တည်တံ့ရန်နှင့် တိုးပွားရှင်သန်နေရန် ပံ့ပိုးကူညီမည့် စာကြည့်တိုက်ဖောင်ဒေးရှင်းကြီးကို မိမိတို့ တတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့်စွမ်းအားဖြင့် ပါဝင်အားဖြည့်ကူညီခြင်းသည် နိုင်ငံ၏အနာဂတ်ရှေ့ခရီးတွင် အရေးပါသော လူသားအရင်းအမြစ်များအတွက် ရေလောင်းပေါင်းသင်ခြင်းနှင့် တူပေသည်။** ထိုသို့ မွန်မြတ်သော လုပ်ငန်းစဉ်တွင် အုတ်တစ်ချပ်ဖြစ်စေ၊ သဲတစ်ပွင့်ဖြစ်စေ၊ လက်တစ်ဖက်ဖြစ်စေ တတ်စွမ်းသလောက် ပါဝင်ကူညီခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ ဦးနှောက်အာဟာရကို ဖြည့်ဆည်းပေးနိုင်ကြမည် ဖြစ်ပါတော့သည်။ ။

လူ့ဘောင်တစ်ခု ပြောင်းလဲတိုးတက်ရာတွင် အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံးဖြစ်သော စာကြည့်တိုက်များ ရေရှည်တည်တံ့ရန်နှင့် တိုးပွားရှင်သန်နေရန် ပံ့ပိုးကူညီမည့် စာကြည့်တိုက် ဖောင်ဒေးရှင်းကြီးကို မိမိတို့ တတ်နိုင်သည့်ဘက်မှ တတ်နိုင်သည့် စွမ်းအားဖြင့် ပါဝင်အားဖြည့်ကူညီခြင်းသည် နိုင်ငံ၏ အနာဂတ်ရှေ့ခရီးတွင် အရေးပါသော လူသားအရင်းအမြစ်များအတွက် ရေလောင်း ပေါင်းသင်ခြင်းနှင့် တူပေသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ် အမှတ် (၆)၊ (၇)ရပ်ကွက်၊ ကွက်သစ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ဒီမိုကရက်တစ်ပါတီ (မြန်မာ)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ အလံပုံစံ



ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ တာမွေမြို့နယ် အမှတ် (၁၆)ပထမထပ်၊ အာသောကလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ အလံပုံစံ

မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ် အမှတ် (ည/၁၂၅)ညောင်ကုန်း (၃)ရပ်ကွက်၊ သိုင်းဗဟန်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ကယန်းအမျိုးသားပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၁-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကယန်းအမျိုးသားပါတီ၏ အလံပုံစံ



ကယန်းအမျိုးသားပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မီးဘေးကာကွယ်ရေး ရွှေကူမြို့၌ လက်တွေ့သရုပ်ပြ လေ့ကျင့်

ရွှေကူ မေ ၁၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် မြန်မာ့သစ်လုပ်ငန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ထူးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၃ ရက် နံနက် ၈နာရီက ရွှေကူမြို့နယ် ဖြူရသစ်ဆိပ်၌ ကျင်းပသည်။

ဆောင်ရွက်

မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်မောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ၊ ထူးကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးမောင်မောင်မြတ်သူနှင့် ကုမ္ပဏီဝန်ထမ်းများသည် မီးသတ်စက်၊ ရေသယ်ကား၊ မီးသတ်ပိုက်များ၊ မီးချိတ်၊ မီးကပ်များဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်ကြသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

KNU အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်မှုကြောင့် ဖာပွန်မြို့နယ်၌ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၂

KNU အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူလူထု သေကျေဒဏ်ရာရမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား ခရီးသည်တင်မော်တော်ယာဉ်တစ်စီးက နင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ကူညီစောင့်ရှောက်

ဖြစ်ပွားပုံမှာ မေ ၁၁ရက် ညနေ ၃နာရီခန့်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဝင်းမောင်းကျေးရွာဘက်မှ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ဖာပွန်မြို့နယ် မဲလိပ်ကျောက်ကျေးရွာနှင့် မဲတို့ကျေးရွာကြားရှိ ကုံခင်းကားလမ်း၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်းအား ယာဉ်၏ရှေ့ဘီးဖြင့် နင်းမိသဖြင့် ယာဉ်မောင်းနှင့် ယာဉ်ပေါ်၌ လိုက်ပါလာသူ ခရီးသည်တစ်ဦး စုစုပေါင်းနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဖွင့်ပွဲ သထုံမြို့၌ ကျင်းပ

သထုံ မေ ၁၂

သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၇နာရီက သထုံမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်းရှိ ဉာဏ်ဝေယံကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်ကအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ နည်းပြ ဦးအောင်ဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ***(ခရိုင် ပြန်/ ဆက်)***

13-5 (11).pmd 1 5/13/2010, 2:14 AM

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်
ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်လင်း-ဒေါ်နွယ်နွယ်တို့၏သား

မောင်ရဲနောင်လင်း(ခ) ဖိုးသား
B.Sc (Geology)

နှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ သာလေးနေ
(ဦးရွှေတိုး)-ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ရွှေမာတို့၏သမီး

မဖြိုးသက်စု(ခ) ပုံပုံ
B.A (English), (MUFL)

တို့၏ ၉-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပသော ဇဗ္ဗာန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ မင်္ဂလာဦး ဆွမ်းကျွေးဧည့်ခံပွဲသို့ မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပါသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီးဒေါ်ဝင်းဝင်းနု၊ တက်ရောက်ချီးမြှင့်ခဲ့ကြသော ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၏ဇနီး ဒေါ်မြမြလွင်တို့အားလည်းကောင်း၊ ရပ်နီး ရပ်ဝေးမှ တက်ရောက် ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများအားလုံးအားလည်းကောင်း လှိုက်လှဲဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ရဲနောင်လင်း-မဖြိုးသက်စု။**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ အောက်ဖော်ပြပါ ဓာတ်အားပေးစက်ရုံများမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ပစ္စည်းအစုအပုံ(Lot) အလိုက် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) တီကျစ်
(၁) တာယာအရွယ်စုံအမျိုးစုံအဟောင်း(၂၃၅)လုံး (1 Lot)
(၂) 12V ဘက်ထရီအရွယ်စုံအဟောင်း(၁၈၄)လုံး (2 Lot)

(ခ) ကင်းတား
(၁) တာယာအရွယ်စုံအမျိုးစုံဟောင်း (၁၅၄)လုံး (1 Lot)
(၂) 12V ဘက်ထရီအရွယ်စုံအဟောင်း(၅၈)လုံး (2 Lot)

(ဂ) ရုံးချုပ်(ပင်မစတို)(ပေါင်းလောင်းဝင်း)
(၁) တာယာအရွယ်စုံအမျိုးစုံဟောင်း (၁၈၂)လုံး (1 Lot)
(၂) 12V ဘက်ထရီအရွယ်စုံအဟောင်း(၂၀၇)လုံး (2 Lot)

(ဃ) မုန်းချောင်းဓာတ်အားပေးစက်ရုံ
(၁) တာယာအရွယ်စုံအမျိုးစုံဟောင်း (၅၄)လုံး (1 Lot)
(၂) 12V ဘက်ထရီအရွယ်စုံအဟောင်း(၁၉)လုံး (2 Lot)

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်**-၂၈-၅-၂၀၁၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**- ၂၈-၅-၂၀၁၀ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီ
၄။ တင်ဒါပုံစံများကို သတင်းစာ၌ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာန ဖုန်းသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဖြည့်တင်းရေးဌာနခွဲ
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈၊ ၄၁၁၀၇၆။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဇော်နိုင်ဟိန်း (B.A ,English)**
(ခေတ္တ စင်ကာပူ)

နှင့်

ကျွန်မ **မစိုးစိုးအောင် (B.Sc, Phys: ,M.Sc Part I)**
(ခေတ္တ-ဂျပန်)

တို့သည် ၂၄-၁-၂၀၁၀ရက်တွင် စင်ကာပူနိုင်ငံ စင်ကာပူမြို့၌ ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။ **မောင်ဇော်နိုင်ဟိန်းနှင့် မစိုးစိုးအောင်။**

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျိုင်းတုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ပါပစ္စည်းများ ဝယ်ယူ လိုပါသည်။

(က)	Furniture	၇ မျိုး
(ခ)	Office Equipment	၄ မျိုး
(ဂ)	Machinery and Equipment	၇ မျိုး
(ဃ)	Lab Equipment	1 Lot
(င)	Text Books & Reference Books	1 Lot

၂။ အဆိုပါ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၈-၅-၂၀၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ကျိုင်းတုံတက္ကသိုလ် ပစ္စည်းစိစစ်ရွေးချယ်ဝယ်ယူရေးနှင့် ဈေးနှုန်းစိစစ်ရေးအဖွဲ့သို့ အရောက်ပေးပို့ တင်သွင်းရပါမည်။
၃။ တင်ဒါပုံစံနှင့် ဝယ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ကျိုင်းတုံတက္ကသိုလ်
ဖုန်း-၀၈၄-၂၂၅၅၀။

ဖခင်အမည်မှန်

အထက(၂)၊ လှိုင် နဝမတန်း (A)မှ မောင်ဉာဏ်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျင်ဝိန် ဖြစ်ပါသည်။

အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ အထက(၈)၊ နဝမတန်း(A) အောင်မှ အဖ ဦးစိုင်းရွှေအုံး၏သမီး နန်းအိဆုဝတီပွင့်၏ အမည်မှန်မှာ နန်းအိဆုဝတီဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခြင်း

အဖ ဦးဆန်းတင်၏သား၊ မန္တလေး နည်းပညာတက္ကသိုလ် B.E (E.P)မှ မောင်ဖိုလ်မင်းနောင် ၅/ကလထ(နိုင်) ၁၆၉၇၂၈အား မောင်ဖိုလ်မင်းနောင် (ခ) မောင်ဖိုလ်မင်းသိမ်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်ဖိုလ်မင်းနောင်(ခ) မောင်ဖိုလ်မင်းသိမ်း။**

ပျောက်ဆုံးခြင်း

ဦးမြင့်ငွေ ပိုင်ယာဉ်အမှတ် ကက/၉၅၃၉၏ အခွန်ကျေပုံစံ အစိမ်းရောင်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၈၆-၄၀၅၉၄။**

ချစ်သုဝေ ▶ တရိုက်မက်မက် ◀ ချစ်ဆုဝေ ▶ ဗွီစီဒီကာရာအိုကေ ထွက်ပြီ

မြင့်သော်တာထွန်း ကုမ္ပဏီလီမိတက်

အဆင့်မြင့်ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီး ၂၅-၅-၂၀၁၀ ရက်မှ ၂၉-၅-၂၀၁၀ရက်အထိ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း။

ပြခန်းစုံစမ်းရန်- **Fax; ph:o / 691673, 09-876-2044,09-51-36911.**

မီးစက်တစ်လုံး

250 KVA မှ 600 KVA အတွင်း

အမြန်ငှားရမ်းလိုသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၄ ၁၅၃၇၄
၀၉-၅၀ ၉၆၉၂၃
၀၉-၅၁ ၅၅၂၇၈။

မိဘအမည်မှန်

ဇန်းမော်မြို့၊ အထက(၂)၊ ပဉ္စမတန်း (B)မှ မောင်ဆိုင်းဒူးနှင့် ပထမတန်း (B)မှ မဂျာဆန်မိုင်တို့၏ မိဘအမည်မှန်မှာ ဦးစိန်ဝင်း ၁/ဗမန(နိုင်)၀၁၇၀၂၉ နှင့် ဒေါ်ခေါန်လွမ်း ၁/ဗမန(နိုင်) ၀၀၄၈၈၁ ဖြစ်ပါသည်။ **ဦးစိန်ဝင်း-ဒေါ်ခေါန်လွမ်း။**

အမည်မှန်

ဇန်းမော်မြို့၊ မင်းကုန်းရပ် မက ၂၃၆ နေ ဦးလရှီးလယော်၏ အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးလရှီး လရော် ၁/ဗမန(နိုင်)၀၀၈၆၂၅ ဖြစ်ပါကြောင်း။ **ဦးလရှီးလရော်။**

အမည်ပြောင်း

အဖ ဦးလရှီးလရော်၏အမြွှာသမီးများ ဖြစ်ကြသော ဇန်းမော်မြို့၊ အထက(၂) ပဉ္စမတန်း(B)မှ ကျောင်းသူများဖြစ်သည့် မဇင်မာသင်းအား မလရှီးခေါန်ဂျာဟု လည်းကောင်း၊မဇင်မာဝင်းအား မလရှီးလုဂျာဟုလည်းကောင်းယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မလရှီးခေါန်ဂျာ၊မလရှီးလုဂျာ။**

မော်ဘီမြို့နယ် ဖူးကြီးကျေးရွာခန်းမ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ဖူးကြီးကျေးရွာခန်းမဖွင့်ပွဲကို မေ ၈ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာ ခန်းမရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စောကြည်နိုင်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှမြင့်၊ ခန်းမတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ခန်းမကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

<u>ရှင်းလင်းပြောကြား</u>

ဆက်လက်၍ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ဥမ္မာငြိမ်းနှင့် ရပ်မိရပ်ဖ ဦးလှဦးတို့က အမှာစကား ပြောကြားပြီး ခန်းမတည်ဆောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းက ခန်းမတည်ဆောက်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

<u>လှူဒါန်း</u>

ဆက်လက်၍ အလှူငွေများ ပေးအပ် လှူဒါန်းရာ သီရိစန္ဒာမွေးမြူရေးခြံကငွေကျပ်၁၀သိန်း၊ လပြည့်ဝန်း စိုက်ပျိုးရေးခြံက ငွေကျပ် ၁၀သိန်း၊ ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီက ငွေကျပ် ငါးသိန်း၊ မြင့်မြတ်သုခ စိုက်ပျိုးရေးခြံက ငွေကျပ် လေးသိန်းငါးသောင်းတို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တန္တအေး ၁၂/လမန(နိုင်) ၁၂၃၅၃၇(စပယ်ခြံ) နှင့် အများသိစေရန်

အဖ(ဦးအောင်ခန့်)၏သမီး မန္တန္တအေး ၁၂/လမန(နိုင်) ၁၂၃၅၃၇သည် ကျွန်တော်နှင့် ကျွန်တော်၏မိဘများအား ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြုလုပ်ပြီး ၎င်း၏ဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်း၏ ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
ဦးကိုကိုထွေး ၅/ကလတ(နိုင်) ၀၀၀၂၀၀၊ ကမာရွတ်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစန်းဦးပိုင် မော်တော်ယာဉ်အမှတ်၄က/၃၇၈၁၏အခွန်ကျေ အစိမ်းရောင်စာရွက် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၉-၇၂၂၉၁။**

ဇန်းမော်ခရိုင် မန်စီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင်ပန်းခြံနှင့် မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ ဦးမင်းမင်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းများဖွင့်ပွဲကျင်းပ

ဖလမ်း မေ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖလမ်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ အခြေခံ အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၄)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၁၈)၊ ကနုကမာကျောက်စီပန်းချီသင်တန်းအမှတ်စဉ် (၁၇)သင်တန်းများဖွင့်ပွဲကို မေ ၁၀ရက် နံနက် ၉နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးတင့်လွင်က အမှာစကား ပြောကြားသည်။

သင်တန်းများသို့ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

မြဝတီမြို့နယ် မဲ့ပလဲ့ကျေးရွာအုပ်စု ထီးချားရားကျေးရွာတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ခြင်း အခမ်းအနားကို ဧပြီ ၃၀ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောချစ်သန်းက ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသား စိစစ်ရေးကတ်ပြား ၅၂ခုကို ကျေးရွာပြည်သူများလက်ဝယ်သို့ ထုတ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက် အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း နှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျွန်းလှမြို့နယ် ကြက်ခြေနီအသင်း သင်တန်းဖွင့်

ရွှေဘို မေ ၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ကြက်ခြေနီအသင်း (၁/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ရက် နံနက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ဦး တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကောင်းဟိန်စံပြကျေးရွာနှင့် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ခန္တီး၌ဆောင်ရွက်

ခန္တီး ဧပြီ ၂၉

ခန္တီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်သည် မတ် ၂၉ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ကောင်းဟိန်စံပြကျေးရွာ ဖွင့်လှစ်နိုင်ရေး ဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်က စံပြကျေးရွာဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးမြင့်ကျော်က ကျေးရွာစာကြည့်တိုက်ကို စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားနေသော စာကြည့်တိုက်မျိုးဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ရန်ပုံငွေတိုးပွားရရှိလာစေရေးအတွက် ငွေကြေးပါသော စာငှားကတ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးသည်။

လုပ်ငန်းခွင်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နှင့် ဌာနဆိုင်ရာများသည် လင်းရောင်ခြည် စာကြည့်တိုက်ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်ကို စစ်ကိုင်းတိုင်း ဖွံ့ဖြိုးမှုရန်ပုံငွေမှ မတည်လှူဒါန်းငွေနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆင့်အထိ ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ကြောင်းနှင့် ပရိဘောဂများ ရရှိရေးအတွက် အလှူရှင်များရှာဖွေလျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်**(အပေါ်ပုံ)**က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ဆာပါတံတား(အုတ်ရိုးကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ရက်မ၊ သစ်မာပျဉ်ခင်း)ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရွှေဝါမြေကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက်ဆောက်လုပ်

ပြည် မေ ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်ပေါ်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်မြို့နယ် ကြခတ်အုပ်စု ရွှေဝါမြေကျေးရွာ၌ ဆောက်လုပ်နေသော မိတ်ဆွေစစ် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ညွန့်သည် မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်နှင့်အတူ မေ ၂ရက် နံနက်က သွားရောက်စစ်ဆေးရာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဝင်များက ဆောက်လုပ်ပြီးစီးမှုနှင့် မကြာမီဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေကို ဆွေးနွေးရာ တိုင်းဦးစီးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(တိုင်း ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေ

ဆားလင်းကြီးမြို့နယ် မိခင်/ကလေးအသင်း သန့်ရှင်းရေးဆောင်ရွက်

ဆားလင်းကြီး ဧပြီ ၃၀

ဆားလင်းကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦး ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်များ၊ မြို့ပေါ် သုံးရပ်ကွက်မှ မိခင်နှင့်ကလေးအသင်းဝင်များ စုစုပေါင်း အင်အား ၇၃ဦးတို့သည် ဧပြီ ၃၀ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံဝင်းအတွင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်ရေ လုံလောက်စွာ ရရှိရေးအတွက် မကွေးတိုင်း ပေါက်မြို့နယ် ကျောက္ကာကျေးရွာရှိ စက်ရေတွင်း ကြွံခိုင်မှုအခြေအနေကို ပေါက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများ ပူးပေါင်း၍ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၂

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မွန်ပြည်နယ်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာတွင် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသဖြင့် မေ ၁၀ရက်မှစ၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မီးသတ်ယာဉ်များနှင့် ရေများသယ်ယူကာ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ပေါင်မြို့နယ်အတွင်းရှိ အလှပ်ကျေးရွာအုပ်စု ဝဲပတန်ကျေးရွာ၊ အဟောက်ကျေးရွာ၊ ကျားဘိုကျေးရွာ၊ ကော့ကရင်ကျေးရွာ၊ ကဒိုင်ကျေးရွာ၊ ထန်းပင်ချောင်ကြီးကျေးရွာနှင့် သပြေကုန်းကျေးရွာအုပ်စု ဘောင်ကုန်းလေးကျေးရွာများသို့လည်း မေ ၁၁ရက်က ပေါင်မြို့ပေါ်လေးရပ်ကွက် ကွဲခြံကျေးရွာ၊ ဥတ္တံတားကျေးရွာနှင့် ဇင်းကျိုက်ကျေးရွာတို့မှ စေတနာရှင်ပြည်သူများက မော်တော်ယာဉ်မျိုးစုံ အစီး ၄၀ခန့်အသုံးပြု၍ သောက်သုံးရေဂါလန် ၃၅၀၀၀ ခန့်ကို သွားရောက်ဝေငှ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

ထူးခြားသည့် နေ့အပူချိန်များ

၁၂-၅-၂၀၁၀

မြင်းခြံမြို့	၄၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၅ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၅ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၅ ဒီဂရီစင်တီဂရိတ်

ကွမ်းခြံကုန်းမြို့ ရေပေးဝေမှု ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် မေ ၉ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့အဝင် ထန်းတောရပ်ကွက်ရှိ မြို့ရေပေးဝေရေး ရေစက်သို့ ရောက်ရှိပြီး ကွမ်းခြံကုန်းမြို့သို့ ရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ထို့နောက် ဝန်ကြီးသည် မြို့နယ်စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရေအခက်အခဲရှိသော ရပ်ကွက်များနှင့် ကျေးရွာများသို့ ရေပေးဝေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ရှိရေပေးဝေရေးဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ

စာမျက်နှာ ၃ ကော်လံ ၅ ❐